ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့၊ (20-6-2006) (၄၉၉၄)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်
ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၉

မန္တလေးမြို့၌ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေး မန္တလေးဘက်ခြမ်း လုပ်ငန်းခွင်သို့ရောက်ရှိရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် စစ်ကိုင်းတပ်နယ်မှ ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူးကြီးများနှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရှင်းလင်းဆောင်တွင် အင်ဂျင်နီယာမှူးကြီးများ ဖြစ်ကြသော ဦးဌေးမြင့်နှင့် ဦးဆန်းဝင်းတို့က ရောဝတီတံတား (ရတနာပုံ) ဆိုင်ရာ အချက်အလက်များ၊ မန္တလေးဘက်ကမ်းနှင့် စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်လမ်းများနှင့် တံတားများအခြေအနေ၊ ပင်မတံတား တည်ဆောက်ပြီးစီးမှုနှင့် ဆောင်ရွက်မှုအခြေအနေ၊ တံတားခုံးများ ဆက်သွယ်ပြီးစီးမှုများ အခြေအနေ၊ တံတားကြမ်းခင်းရက်မနှင့် ကြမ်းခင်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့က လိုအပ်သည်များကို ဖြည့်စွက်တင်ပြသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားပြီး မန္တလေးဘက်ကမ်း ချဉ်းကပ်တံတား အခြေအနေ၊ ပင်မတံတားကြမ်းခင်းရက်မများနှင့် ကြမ်းခင်းများ ခင်းနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။**စာမျက်နှာ ၈ ကော်လံ ၁ သို့** ✪

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရောဝတီတံတား (ရတနာပုံ) တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ "လူကုန်ကူးမှုအစီရင်ခံစာ"သည် စိတ်ပျက်ဖွယ်ရာဖြစ်
အစီရင်ခံစာတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ရေးသားဖော်ပြချက်သည် ဝိရောဓိဖြစ်နေ
မြန်မာနိုင်ငံကို အဆင့်နိမ့်ဖြစ်သည့် အဆင့်(၃)တွင်သာ ဆက်လက်သတ်မှတ်ထားခြင်းကို လုံးဝပယ်ချ

နေပြည်တော် ဇွန် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနက အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ယခုနှစ်ဇွန်လတွင်ထုတ်ပြန်သည့် "လူကုန်ကူးမှုအစီရင်ခံစာ"နှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်သည်။

အဆိုပါသတင်းထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

သတင်းထုတ်ပြန်ချက်

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ယခုနှစ်ဇွန်လတွင် ထုတ်ပြန်သည့် "လူကုန်ကူးမှုအစီရင်ခံစာ"၌လည်း လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် အနိမ့်ဆုံးစံကိုပင် အကောင်အထည်ဖော်ရန် ပျက်ကွက်သည့်နိုင်ငံ၊ လူကုန်ကူးမှုတိုက်ဖျက်ရန် သိသာထင်ရှားသည့် ကြိုးပမ်းအားထုတ်မှုမပြုသည့်နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံကို **စာမျက်နှာ ၈ ကော်လံ ၁ သို့** ▶

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၀-၆-၂၀၀၆
(အင်္ဂါနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသားညီလာခံကြီးအောင်မြင်ရေး ပေါင်းစည်းညီညီကြိုးပမ်း

မြန်မာနိုင်ငံတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခိုင်ခိုင်မာမာ တည်ဆောက်ပြီး ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေး အခြေခံများဖြစ်ထွန်းရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေးတို့ကို အလေးထားဆောင်ရွက်နေခြင်းသည် ဒီမိုကရေစီစနစ်အတွက် အခြေခံအုတ်မြစ်များ တည်ဆောက်နေခြင်းဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေး ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အမျိုးသားညီလာခံကို ကျင်းပလျက်ရှိသည်။

၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့မှ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာ၌ ပါဝင်မည့်အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မှုများကို ချမှတ်နိုင်ခဲ့ပြီဖြစ်သည်။

ထို့အပြင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲ ရာတွင် ဥပဒေပြုရေးအခန်း၌ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများ၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များအခန်း၊ တပ်မတော်အခန်းတို့နှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မှုများ ချမှတ်နိုင်ရေး ရှင်းလင်းတင်ပြခြင်း၊ အကြံပြုချက်စာတမ်းများ ရေးသားပြုစုခြင်း၊ ကိုယ်စားလှယ်အစုအဖွဲ့များတွင် စာတမ်းများ ဖတ်ကြားအတည်ပြုခြင်း၊ အမျိုးသားညီလာခံ စုံညီအစည်းအဝေးများတွင် အကြံပြုချက်စာတမ်းများ ဖတ်ကြားတင်ပြခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

ယခုအခါ တောင်သူလယ်သမားများ စိုက်ပျိုးရာသီချိန် လုပ်ငန်းများ လုပ်ကိုင်နေစဉ် အမျိုးသားညီလာခံကို ခေတ္တ ရပ်နားထားသော်လည်း အမျိုးသားညီလာခံ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါကိုယ်စားလှယ် အစုအဖွဲ့များ၏ အကြံပြုတင်ပြချက်များကို အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ စုစည်းကောက်နုတ်၍ တင်ပြနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီများအနေဖြင့် လုပ်ငန်းများဆက်လက်ဆောင်ရွက်လျက်ရှိနေကြသည်။

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အနေဖြင့် လာမည့်အမျိုးသားညီလာခံတွင် အသေးစိတ်အခြေခံရမည့်မှုများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက တင်ပြလာသည့်စာတမ်းများ၊ တင်ပြဆွေးနွေးရန် ကျန်ရှိနေသည့် အခန်းခေါင်းစဉ်များနှင့် လေ့လာတွေ့ရှိချက်များအား စိစစ်ပေးသွားမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံအနေဖြင့် မည်သည့်စနစ်ကိုပင် ကျင့်သုံးသည်ဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံရမည်သာဖြစ်သည်။ မြန်မာနိုင်ငံတွင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် အဓိကလိုအပ်သည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရန် အမျိုးသားညီလာခံကို ကျင်းပနေခြင်းဖြစ်သည်။ အမျိုးသားညီလာခံ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာကော်မတီအသီးသီးတို့၏ ပေါင်းစည်းညီညီ ကြိုးပမ်းအားထုတ်မှုဖြင့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ဆက်လက်ကျင်းပသွားနိုင်မည်ဟု ယုံကြည်ပါသည်။ ။

ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများ၏ သားသမီးများအား ၂၀၀၆-၂၀၀၇ခုနှစ် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၁၂၀၀၀၀ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၇ရက်က ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှုလှုသန်းက ရဲမှူး(ဦးစီး) ရဲမှူးကိုကိုကြီးအား ပေးအပ်စဉ်။ (၆၁)

လယ်ဝေးတပ်နယ် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်စိုက်ပျိုး

လယ်ဝေး ဇွန် ၁၉

နေပြည်တော် တိုင်းစစ်ဌာနချုပ် လယ်ဝေးတပ်နယ်ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးပွဲကို ဇွန် ၁၇ရက် နံနက် ၇နာရီခွဲတွင် နေပြည်တော် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ကျင်းပရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးခင်မောင်ထူး၊ လယ်ဝေးတပ်နယ်မှူးဒုတိယဗိုလ်မှူးကြီး အောင်လွင်နှင့် တပ်နယ်၊ တပ်ရင်း တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည် မိသားစုဝင်များ၊ လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်သက်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးခြင်း၏ အကျိုးသက်ရောက်မှုများနှင့် မိသားစုဝင်ငွေ တိုးတက်ရရှိနိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးမှတ်ကြီးက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုနည်း စနစ်များနှင့် အကျိုးရှိ အသုံးဝင်ပုံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များသို့ ခြံစည်းရိုးကြက်ဆူပင်များကို ဖြန့်ဝေပေးပြီး ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးသည်။ ဆက်လက်၍ တိုင်းမှူးသည် တက်ရောက်လာကြသူများ၏ ခြံစည်းရိုး ကြက်ဆူပင် ၁၂၀၀၀ကို တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် လယ်ဝေးမြို့နယ်မီးလောင်ကုန်းကျေးရွာ အုပ်စု ငှက်ပျောတော ကျေးရွာရှိ တောင်သူကိုးဦးတို့၏ လယ်ဧက ၂၀၌ စက်မှုလယ်ယာ ဦးစီးဌာနမှ လက်တွန်းထွန်စက် ၁၀စီးကို ကြက်ဆူဆီဖြင့် လက်တွေ့သရုပ်ပြ ထွန်ယက်ခြင်းနှင့် နွားအရှည်း ၄၀တို့ဖြင့် မိုးစပါး စုပေါင်း ထွန်ယက်ပွဲတို့ကို ကူညီအားပေးပြီး တောင်သူများနှင့် တွေ့ဆုံသည်။

ယင်းနောက် ရေအိုးစဉ် ကျေးရွာအုပ်စု ရွှေရိုးလေးကျေးရွာရှိ အမှတ်(၁) စိုက်ပျိုးရေးရှေ့တန်းစခန်း၌ တောင်သူများနှင့်တွေ့ဆုံ၍ ဆွေးနွေးပွဲကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက မြို့နယ်၏ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းအခြေအနေများကို လည်းကောင်း၊ မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးလှမြင့်က မိုးစပါးဧကတင်း ၁၀၀ကျော် ထွက်ရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက စိုက်ပျိုးရေး၊ ဒေသတည်ငြိမ် အေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ ဆိုက်ပရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဇွန် ၂၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဆိုက်ပရပ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး မစ္စတာအန်ဒရီးယပ်(စ်) ဂျီစကားပါးရီး(စ်)၏ နေရာတွင် မစ္စတာအန်ဒရီးယပ်(စ်) ဓိနိုနော့(စ်)အား ခန့်အပ်ရန် ဆိုက်ပရပ်အစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက သဘောတူညီလိုက်ပြီးဖြစ်သည်။

မစ္စတာအန်ဒရီးယပ်(စ်) ဓိနိုနော့(စ်)သည် ၁၉၅၇ခုနှစ်တွင် ဆိုက်ပရပ်နိုင်ငံ အေသင်ယာနိုမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၇၅ခုနှစ်တွင် ဆိုက်ပရပ်နိုင်ငံ Lanition Gymnasiun (Limassol) မှ ဘွဲ့ရရှိခဲ့ပြီး ပြင်သစ်နိုင်ငံ Aix-En Provence တက္ကသိုလ်၌ လူမှုရေးသိပ္ပံနှင့် ဖွံ့ဖြိုးတိုးတက်မှု သမိုင်းဘာသာရပ်များကို အထူးပြု၍ ဘွဲ့လွန်သင်တန်းများ တက်ရောက်ဆည်းပူးခဲ့သည်။ ယင်းနောက် ၁၉၇၅ခုနှစ်မှ ၁၉၇၇ခုနှစ်အထိ စစ်မှုထမ်းခဲ့သည်။ ၎င်းသည် ၁၉၈၁ခုနှစ်မှစတင်၍ ဆိုက်ပရပ်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး ဆိုက်ပရပ်နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဌာနခွဲအသီးသီး၌လည်းကောင်း၊ နယူးဒေလီမြို့၊ ပါရီမြို့နှင့် ပေကျင်းမြို့ရှိ ဆိုက်ပရပ်သံရုံးများ၌လည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် အမှုထမ်းခဲ့သည်။ ယခုအခါ မစ္စတာအန်ဒရီးယပ်(စ်) ဓိနိုနော့(စ်)သည် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ဆိုက်ပရပ်မဟာမင်းကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့တွင် ရုံးစိုက်နေထိုင်ပြီး မြန်မာနိုင်ငံဆိုင်ရာ ဆိုက်ပရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

မစ္စတာအန်ဒရီးယပ်(စ်) ဓိနိုနော့(စ်)သည် ဂရိ၊ ပြင်သစ်နှင့် အင်္ဂလိပ်ဘာသာစကားများ တတ်ကျွမ်းသည်။ ၎င်းသည် အိမ်ထောင်မရှိသူဖြစ်သည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေကွက်သစ် ဝယ်ယူရန်အတွက် ရန်ကုန် မင်္ဂလာဒုံမြို့နေ ဗိုလ်ကြီးဝင်းမြင့်-ဗိုလ်ကြီးဒေါ်အေးသန်း(ငြိမ်း) မိသားစုက အလှူတော်ငွေ ကျပ်တစ်သိန်းကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ) ရှေ့မှောက်၌ တာဝန်ခံ ဗိုလ်မှူးချုပ် ခင်မောင်အေး(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံ၏ ပထမဦးဆုံး ဂျီအက်(စ်)အမ်ဖုန်းဖြင့် စာတိုပေးပို့ခြင်းပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၉

Mobile Technology ကို လူတိုင်းအသုံးပြုလာကြစေရန် ရည်ရွယ်ချက်ဖြင့် GSM Phone ရှိသူတိုင်း ပါဝင်ယှဉ်ပြိုင်ကစားနိုင်သည့် SMS Shootout 2006 Contest လူရွေးပွဲ ပွဲစဉ်များကို Myanmar Information Technology Pte,Ltd (MIT) က ဇွန် ၃ရက်မှ စတင်၍ ကျင်းပပေးနေသည်။

ယင်းလူရွေးပွဲအတွက်ယှဉ်ပြိုင်ရမည်မှာ Message ပေးပို့ရမည့်စာသားကို Projector Screen ပေါ်၌ မြင်တွေ့ရမည်ဖြစ်ပြီး MIT ၏ Phone No.095002745 သို့ မှန်ကန်အောင်ရိုက်၍ SMS ပို့ပေးရမည်ဖြစ်သည်။ အမြန်ဆုံးနှင့် အမှန်ဆုံးပေးပို့နိုင်သူများအား ရွေးချယ်၍ နောက်ဆုံးပွဲစဉ်၌ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပွဲစဉ်တိုင်းတွင် ဆုချီးမြှင့်မည်ဖြစ်ပြီး နောက်ဆုံးပွဲစဉ်အတွက် MIT Mobilemate Telecommunication Co.,Ltd နှင့် Queen Star Company တို့က ဆုငွေကျပ်တစ်သိန်းခွဲအပြင် NOKIA နှင့် BenQ Handset တို့အပါအဝင် ဆုခုနစ်သိန်းခွဲဖိုးကို ချီးမြှင့်သွားမည်ဟု သိရှိရသည်။ ဉာဏ်စမ်းမေးခွန်း ဖြေဆိုပွဲများလည်း အပတ်စဉ်ပါဝင်သွားမည်ဖြစ်ပြီး မှန်ကန်စွာဖြေဆိုနိုင်သူအား ဆုငွေများကို ချက်ချင်းချီးမြှင့်သွားမည်ဟုသိရှိရသည်။

ကျန်ရှိနေသေးသော လူရွေးပွဲစဉ်သုံးခုကို ရန်ကင်းစင်တာ MK Fashion Square ၌ ဇွန် ၁၈ရက်မှစတင်၍ တနင်္ဂနွေနေ့ ညနေ ၃နာရီတိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲ၌ ဝင်ကြေးပေးသွင်းရန်မလိုဘဲ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရှိရသည်။

စိတ်ပါဝင်စားသူများသည် Myanmar Information Technology Pte,Ltd (MIT) ဖုန်း- ၆၆၈၇၇၉၊ ၆၅၀၁၂၄၊ ၆၅၂၃၀၃ တို့သို့ အသေးစိတ် စုံစမ်းမေးမြန်းနိုင်သည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ သန်လျင်မြို့နယ် အောင်မင်္ဂလာရပ်ကွက် ဗိုလ်ချုပ်နေဝင်းလမ်းနေ နှစ်ဖက်သော မိဘများနှင့် ခင်ပွန်း ဦးကျော်မြင့်အားရည်စူး၍ ဒေါ်သန်းသန်းနွဲ့ မိသားစုက ငွေကျပ် တစ်သိန်းကို အဖွဲ့ဝင် ဒေါက်တာအောင်ချိုထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၉

၁၃၆၈ခုနှစ် ဝါဆိုလဆန်း ၇ရက် ၁-၇-၂၀၀၆တွင် ပုဂံရွှေစည်းခုံစေတီတော် အရှေ့ဘက် မနောမယိဒ္ဓိမွှောရုံနှင့် ဝါဆိုလဆန်း ၈ရက် (၂-၇-၂၀၀၆) တွင် တူရွှင်းတောင် စေတီတော်၏ အရှေ့တောင်ပကျေးရွာ ရှင်အရဟံ ဓာတ်တော်စေတီတို့တွင် သာသနာ့ကျေးဇူးရှင်များ ပူဇော်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားဘဝကာကွယ်ရေးတာဝန်

၂၀ရာစု ကုန်ခါနီးမှာဖြစ်ပွားခဲ့တဲ့ ကိုဆိုဗိုပဋိပက္ခဆိုတာကို မှတ်မိကြဦးမယ်လို့ ထင်ပါတယ်။ ပြီးခဲ့တဲ့ လပိုင်းအတွင်းကမှ ကွယ်လွန်သွားခဲ့တဲ့ ဆလိုဗိုဒန်မီလိုဆီဗစ်ချ်ရဲ့ အစိုးရကို ဖြုတ်ချဖို့ အကြောင်းပြပြီး ဆင်နွှဲခဲ့တဲ့ အမေရိကန်နဲ့ နေတိုးအပေါင်းပါတွေရဲ့ ၂၀ရာစုနှောင်းပိုင်း ခေတ်သစ်စစ်ပွဲကြီးတစ်ပွဲ ဖြစ်ပါတယ်။ ကမ္ဘာ့စူပါပါဝါ ဆိုသူတို့ရဲ့ တစ်ဖက်သတ်စစ်ပွဲကြီး တစ်ပွဲလဲဖြစ်ခဲ့ပါတယ်။ ရက်ပေါင်း ၆၀ကျော် နေ့စဉ်မပြတ် ခေတ်သစ်လက်နက်ဆန်းများနဲ့ ဝေဟင်က ပစ်ခတ်တိုက်ခိုက်ခဲ့တဲ့ စစ်ကြီးတစ်စစ်ပါ။ အိမ်နီးချင်းနိုင်ငံတွေထဲ ဝင်ပြေးခဲ့ကြရတဲ့ ဆားဗီးယားဒုက္ခသည် ပြည်သူတွေဟာလဲ သိန်းနဲ့ချီခဲ့တာပါ။ နောက်ဆုံး ဆလိုဗိုဒန်မီလိုဆီဗစ်ချ်အစိုးရက စစ်ပြေငြိမ်းရေး ကမ်းလှမ်းလို့ စစ်ပြီးခဲ့ပါတယ်။ သို့သော်လဲ ဒီစစ်ကြီးပြီးဆုံးခဲ့ခြင်းဟာ လေကြောင်းစစ်ပွဲကြောင့်လား၊ မြေပြင်တပ်တွေ ထိုးစစ်ဆင်မှာကို ကြိုတင်တွက်ဆလို့လား၊ အခြားနိုင်ငံရေးအကြောင်း တစ်ခုခုကြောင့်လား ဘာကြောင့်လဲ ဆိုတာကို ယနေ့အထိ စစ်သမိုင်းပညာရှင်များက ဖော်ထုတ်နိုင်ဖို့ မရေရာသေးဘူးလို့ ဆိုပါတယ်။

ဘာပဲဖြစ်ဖြစ် နေတိုးနဲ့ အပေါင်းပါများ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဆုံးရှုံးပျက်စီးခဲ့ရတဲ့ အဆုံးအရှုံးတွေ၊ အပျက်အစီးတွေအတွက် နိုင်ငံပြန်လည်တည်ထောင်ရေးဟာ ၂၀၂၀ပြည့်နှစ်တိုင်အောင် လုပ်လဲမပြီးနိုင်ပါဘူးဟု ဖော်ထုတ်ခဲ့ကြပါတယ်။ ဒါက ရုပ်ဝတ္ထုပိုင်းသာဖြစ်ပြီး နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ စိတ်ပိုင်းဆိုင်ရာကို ပြန်လည်တည်ဆောက်ဖို့ဆိုတာကတော့ မပါဝင်ခဲ့ပါဘူး။ ၁၉၉၀ပြည့်လွန်နှစ်များက ကမ္ဘာ့သတင်းစာမျက်နှာတွေမှာ တခမ်းတနား ဖော်ပြခဲ့တဲ့ ကိုဆိုဗိုပဋိပက္ခဟာ စစ်ပွဲကြီးပြီးဆုံးသွားချိန်နောက်ပိုင်း ၂၁ရာစုနှစ်သစ်အတွင်း ကမ္ဘာ့မီဒီယာမှာ ဘာမှ မကြား မမြင်ကြရတော့ပါဘူး။ အဲဒီဒေသက နိုင်ငံသူ၊ နိုင်ငံသားတွေဟာ တကယ်ကော ငြိမ်းချမ်းပျော်ရွှင်နေကြပြီလား၊ ချမ်းသာနေကြပြီလား၊ အစိုးရတွေ တည်တည်ငြိမ်ငြိမ်နဲ့ ရှေ့ဆက်ခရီးနှင်နေကြပြီလား။ ဘာတစ်ခုမှ ရေရေရာရာ မသိကြရတော့ပါဘူး။ သို့သော်လဲ အဲဒီနိုင်ငံရဲ့ ပြည်သူလူထုနဲ့ ယဉ်ကျေးမှုအမွေအနှစ်များစွာကို ပျက်စီးဆုံးရှုံးစေခဲ့တဲ့ ကိုဆိုဗိုစစ်ပွဲ ဆိုတာကတော့ တကယ်ဖြစ်ပွားခဲ့ပြီးပါပြီ။

၂၁ရာစုအစမှာ ဖြစ်ခဲ့တဲ့ အာဖဂန်စစ်ပွဲဟာ တစ်ကမ္ဘာလုံးမသိသူမရှိခဲ့တဲ့ စစ်ပွဲတစ်ပွဲပါ။ အမေရိကန်တို့ရဲ့ Operation Infinite Justice ဆိုတဲ့ အကြောင်းပြချက်နဲ့ ဆင်နွှဲခဲ့တဲ့ စစ်ပွဲကြီးတစ်ပွဲဆိုတာကို သိကြမှာပါ။ ဖြစ်စဉ်ကတော့ 9/11 ဆိုတဲ့အကြမ်းဖက်မှုက စခဲ့တာပါ။ ၂၀၀၁ခုနှစ် စက်တင်ဘာ၁၁ရက်က အမေရိကန်မြေမှာ အမေရိကန်တွေ သွေးမြေကျခဲ့ရတဲ့အတွက် နေ့မဆိုင်းဘဲ ချက်ချင်းတန်ပြန်ခဲ့တဲ့စစ်ပါ။ နယူးယောက်က ကုန်သွယ်ရေးညီနောင် အဆောက်အအုံ ပြိုကျပြီး နာရီပိုင်းအတွင်းမှာပဲ အာဖဂန်နစ္စတန် ကဘူးလ်မြို့တော်မှာ ဘယ်က ပစ်လိုက်မှန်းမသိတဲ့ Tomahawk ဒုံးကျည်တွေ လာရောက် ပေါက်ကွဲလို့ နေခဲ့ပါတယ်။ ဒီလိုနဲ့ အမေရိကန်တို့က အာဖဂန်စစ်ပွဲကြီးကို စတင်ခဲ့ပါတယ်။ ၃၉ရက်ကြာ လေကြောင်းဗုံးကြဲမှုအပြီး နောက်ပိုင်း အာဖဂန်ကရှိရင်းစွဲ မြောက်ပိုင်းကသူပုန်တွေနဲ့ အမေရိကန်တို့ ပူးပေါင်းပြီး မြေပြင်ထိုးစစ်ဆင်ခဲ့ပါတယ်။ တစ်နိုင်ငံလုံး ကြေမွပျက်စီးခဲ့ရပြီး အဆုံးအရှုံးကတော့ ရစရာမရှိတော့ပါဘူး။ နောက်ဆုံး တာလီဘန်အစိုးရ ပြုတ်ကျခဲ့ရပါတယ်။ တကယ်ဆိုရင် အာဖဂန်ပြည်သူတွေ လွတ်လပ်ပျော်ရွှင်ကြပြီပေါ့၊ ချမ်းသာကြပြီပေါ့လို့ ထင်ကြပါမယ်။ သို့သော်လဲ နိုင်ငံတကာရဲ့ အကူအညီဆိုတာကို ခဏပန်းလောက်သာ ကမ္ဘာ့သတင်းစာမျက်နှာမှာ တွေ့ခဲ့ကြရပြီး ယခုတော့အာဖဂန်အရေးဟာ ကမ္ဘာနဲ့ ဝေးသွားပါပြီ။ အာဖဂန်နစ္စတန်ရဲ့ လက်ရှိ အဖြစ်အပျက်အမှန်တွေကို ဖော်ထုတ်တင်ပြတဲ့ သတင်းနဲ့ ဆောင်းပါးမျိုးကို မတွေ့ရတော့တာက နှစ်နဲ့ချီနေပါပြီ။ ဘာပဲဖြစ်ဖြစ် အမေရိကန်တို့ ဆင်နွှဲခဲ့တဲ့ အာဖဂန်နစ္စတန်စစ်ပွဲကြောင့် စစ်အတွင်း သေကျေဆုံးရှုံးခဲ့ရတဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေ၊ ပါကစ္စတန်နိုင်ငံအတွင်းကို အလုံးအရင်းနဲ့ ထွက်ပြေးခဲ့ကြရတဲ့ ဒုက္ခသည်တွေအတွက် စိတ်ပိုင်းဆိုင်ရာ ပြန်လည် တည်ထောင်ပေးဖို့ လုပ်ငန်းစဉ်တွေကို အမေရိကန်တွေက ဘယ်လိုလုပ်နေကြတယ်ဆိုတာကို မသိရတော့ပါဘူး။

၂၁ရာစုအတွင်း နောက်ဆုံးသမိုင်းတင်ထားရတဲ့ စစ်ပွဲကတော့ Operation Iraqi Freedom ဆိုတဲ့ အီရတ်လွတ်မြောက်ရေးစစ်ပွဲ ဖြစ်ပါတယ်။ ဘဂ္ဂဒက်ကျဆုံးချိန်တိုင်အောင် စစ်ဆင်ရေးကာလဟာ သုံးပတ်ပဲကြာတယ်ဆိုပေမယ့် တကယ်တော့ မျက်မှောက်အချိန်အထိ စစ်ကြီးမပြီးဆုံးသေးပါဘူး။ ယနေ့ ရုပ်မြင်သံကြား ဖန်သားပြင်က

ရဲရင့်တင့်ဆွေ

International News မှာ လူဆယ်ဂဏန်းအုပ်စုတွေ ဗုံးကွဲပြီးသေပြီ ဆိုတဲ့ Breaking News မျိုးကို ကြားရပြီဆိုတာနဲ့ အီရတ်မှာပဲဟော့လို့ မျက်စိမှိတ် ပြောနိုင်နေပါပြီ။ စစ်အတွင်းက ဆီးရီးယားဘက်ကို ထွက်ပြေးခဲ့ကြရတဲ့ စစ်ပြေးဒုက္ခသည်တွေဟာလဲ နည်းမှမနည်းပါပဲ။ နောက်ဆုံးတော့ အမေရိကန်တို့ဟာ ဆက်ဒမ်ဟူစိန်အစိုးရကို ဖြုတ်ချနိုင်ခဲ့ပြီဆိုတာနဲ့ပဲ ကျေနပ်ရမယ့်ပုံပါ။ တကယ်တမ်း စစ်ပွဲကြောင့် အီရတ်ပြည်သူလူထုရဲ့ စိတ်ပိုင်းနဲ့ရုပ်ပိုင်းဆိုင်ရာ ခံစားချက်တွေအတွက် ပြန်လည်တည်ထောင်ရေး လုပ်ငန်းစဉ်ဆိုတာ မတွေ့ရသလောက်ပါပဲ။ ဒါကြောင့်လဲ ယနေ့ အမေရိကန်စစ်တပ်ထဲက အရာရှိကြီးတွေ ကိုယ်တိုင်က အီရတ်မှာ ထူထောင်ရေးလုပ်ငန်းတွေ၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေကို တစ်နိုင်တစ်ပိုင် လုပ်ပေးတာကသာ စစ်ပွဲမှာ စစ်လက်နက်တွေ သုံးနေတာထက် ပိုအကျိုးရှိနိုင်ကြောင်း သုံးသပ်ပြောဆိုနေကြပါတယ်။ ဘာပဲဖြစ်ဖြစ် အီရတ်ကျူးကျော်စစ်ပွဲကြီးကတော့ ကမ္ဘာ့သမိုင်းဝင်ခဲ့ပါပြီ။ ဒီစစ်ပွဲကြောင့် ဆုံးရှုံးပျက်စီးခဲ့ရတဲ့၊ ဆက်လက်ကြုံတွေ့နေရဆဲဖြစ်တဲ့ အီရတ်ပြည်သူလူထုရဲ့ ဘေးဒုက္ခတွေကို အမေရိကန်တို့ ဆက်လက်ပြီး တာဝန်ယူပေးကြရမှာဖြစ်ပါတယ်။ သို့သော်လဲ တကယ်တမ်း အမေရိကန်တို့အနေနဲ့ အီရတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်နေတာတွေဟာ စေတနာပါရဲ့လား၊ အရာထင်ရဲ့လားဆိုတာ မသေချာလှပါဘူး။

တကယ်တော့ အထက်မှာဖော်ပြတဲ့ စစ်ပွဲသုံးပွဲစလုံးဟာ တည်ဆဲနိုင်ငံအစိုးရတွေနဲ့ သဘောချင်းမတိုက်ဆိုင်မှုတစ်ခုကို အကြောင်းပြုပြီး ကမ္ဘာကိုအဲဒီနိုင်ငံတွေမှ ပြည်သူလူထုလွတ်မြောက်ရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ ဒေသတည်ငြိမ်ရေးဆိုတာတွေနဲ့ မျက်လှည့်ပြလှည့်စားပြီး ကျူးကျော်တိုက်ခိုက်ခဲ့တဲ့၊ ကမ္ဘာ့နိုင်ငံအများစုက လက်မခံမနှစ်မြို့ခဲ့ကြတဲ့ တရားမျှတမှုမရှိသော စစ်ပွဲတွေပါ။ မတရားသော စစ်တွေပါ။ ဒီစစ်ပွဲတွေကြောင့် ဆုံးရှုံးသွားရတဲ့နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေအတွက် စစ်ပွဲကို စတင်ဖန်တီးသူက တာဝန်ယူပေးရမှာပါ။ စစ်ဖြစ်ဖို့ လှုံ့ဆော်အားထုတ်သူဖြစ်ခဲ့တာနဲ့အညီ နိုင်ငံပြန်လည်ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာဖို့လဲ တာဝန်ယူရမှာပါ။ ဒါပေမယ့် တကယ်တမ်း ဒီတာဝန်ကို စစ်ပွဲစတင်သူက တာဝန်ယူထမ်းရွက်နေရဲ့လားဆိုတာ ဆန်းစစ်ရင်လုံးဝ မသေချာ မရေရာတဲ့ အဖြေကိုသာတွေ့ကြရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ တစ်ဆက်တည်းဖော်ပြလိုတာကတော့ မြန်မာနိုင်ငံအကြောင်းဖြစ်ပါတယ်။ ယနေ့မြန်မာနိုင်ငံအခြေအနေဟာ ဒေသတွင်း အိမ်နီးချင်းနိုင်ငံများအပေါ် လုံခြုံရေးအရ ခြိမ်းခြောက်မှုတစ်စုံတစ်ရာ လုံးဝမရှိပါ။ မြန်မာနိုင်ငံမှာ ပြည်တွင်းစစ်ဆိုတာမရှိပါ။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ တစ်နည်းဆိုရရင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာထွန်းကားရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။ အောင်မြင်မှုတွေလဲ ရရှိနေပါတယ်။ တကယ်တော့ KNUဆိုတာ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ၁၉၄၉ခုနှစ်ကတည်းက ပေါ်ပေါက်လာခဲ့တဲ့ ပြည်တွင်းသောင်းကျန်းသူ လက်ကျန်တစ်စုသာ ဖြစ်ပါတယ်။ အဲဒီအချိန်ကတည်းက တပ်မတော်ဟာ နိုင်ငံတော်ကာကွယ်ရေးနဲ့ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းတဲ့စစ်ဆင်ရေးတွေ ဆင်နွှဲခဲ့ရတာကို ပြည်သူအားလုံးအသိပါ။ တစ်ချိန်တည်းမှာပင် ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)သောင်းကျန်းသူတွေကို အမြစ်ပြတ်ချေမှုန်းခဲ့ရတာပါ။ ကွမ်းလုံရက် ၄၀ တိုက်ပွဲမျိုးဟာ အထင်ကရဖြစ်ပါတယ်။ အဲဒီတုန်းကတော့ အမေရိကန်တို့က မြန်မာ့တပ်မတော်ဟာ ကွန်မြူနစ်ကို တိုက်တာဆိုပြီး ချီးမွမ်းခန်းဖွင့်တဲ့အပြင် လက်နက်တံစိုးလက်ဆောင်တောင် ထောက်ပံ့လိုခဲ့တာပါ။ ဒါပေမယ့် မြန်မာနိုင်ငံက လက်မခံခဲ့ပါဘူး။ နောက်ဆုံးတော့ ကမ္ဘာမှာ စစ်အေးလဲပြီး၊ ကွန်မြူနစ်စနစ်လဲ ဗုန်းဗုန်းလဲချိန်နောက်ပိုင်း Unipolar World ဖြစ်လာချိန် မြန်မာနိုင်ငံအတွင်း လက်တစ်ဆုပ်စာသာကျန်နေတဲ့ KNU သောင်းကျန်းသူကို ပြည်သူများအား ဒုက္ခမပေးနိုင်အောင် မြန်မာ့တပ်မတော်က ဆောင်ရွက်လာရတဲ့ အချိန်မှာတော့ မြန်မာအစိုးရအပေါ် ဆန့်ကျင်ဘက်ပြုနေတဲ့ အမေရိကန်တို့က "ငါနဲ့မတူ ငါ့ရန်သူ"ဆိုပြီး သတ်မှတ်ခဲ့တာပါ။ **တကယ်တမ်း အကြမ်းဖက်လုပ်ရပ် အမျိုးမျိုးဖြစ်တဲ့ ပြန်ပေးဆွဲ၊ မိုင်းထောင်၊ ဗုံးခွဲ၊ ဆက်ကြေးကောက်၊ လူသစ်စု၊ အခွန်ကျင့်၊ ရွာမီးရှို့စသော လုပ်ရပ်အမျိုးမျိုးကို ဒေသခံပြည်သူလူထုအပေါ် နှစ်ပေါင်းများစွာပြုမူနေတဲ့ KNU လို အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ လုပ်ရပ်ဟာ ယနေ့ကမ္ဘာက သတ်မှတ်ထားတဲ့ အကြမ်းဖက်လုပ်ရပ်တွေနဲ့ တစ်တန်းတစ်စားတည်း ဖြစ်ပါတယ်။**

ဒါကြောင့် KNU သောင်းကျန်းသူတွေ ပြည်သူလူထုအပေါ်မှာ အကြမ်းဖက်လုပ်ရပ်တွေ မကျူးလွန်နိုင်အောင် လိုအပ်သောလုံခြုံရေး အကာအကွယ် ပေးရတာတွေဟာ တရားသောဆောင်ရွက်ချက် ဖြစ်ပါတယ်။ အမိနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ ပြည်သူလူထု အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် နယ်မြေစိုးမိုးရေးလုပ်နေရတာ ဖြစ်ပါတယ်။

တကယ်တော့ သူတစ်ပါးနိုင်ငံကို ကျူးကျော်ဝင်ရောက်ပြီး အဲဒီနိုင်ငံ ပြည်တွင်းရေးကို အတင်းအဓမ္မကိုယ်ထိလက်ရောက် စစ်အင်အားသုံး ကျူးလွန်ကာ အဆုံးထိ တာဝန်မယူလိုသော၊ တာဝန်မဲ့သော အင်အားကြီးသူတို့ရဲ့ မတရားသော စစ်တွေကသာ ၂၁ရာစု ကမ္ဘာကိုအကျည်းတန်အရုပ်ဆိုးစေတာပါ။ ဒေသလုံခြုံရေးကိုသာမက ကမ္ဘာ့လုံခြုံရေးကိုပါ ထိပါးစေတာ ဖြစ်ပါတယ်။ သက်ဆိုင်ရာနိုင်ငံသူ၊ နိုင်ငံသားတွေကို စစ်ဘေးဒုက္ခသည်များအဖြစ် အမှန်တကယ် အတိဒုက္ခရောက်စေခဲ့တာပါ။ ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်သူလူထု အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် နယ်မြေစိုးမိုးမှုရရှိအောင် ဆောင်ရွက်ပေးနေတာကို မလိုလားလို့ ဒုက္ခသည်များအဖြစ် ထွက်ပြေးတိမ်းရှောင်နေကြရ ပါတယ်ဆိုပြီး အကြောင်းပြလှုံ့ဆော်စွပ်စွဲနေမှုတွေဟာ တစ်ဖက်က နိုင်ငံရေးအမြတ်ထုတ်တာဖြစ်သလို တစ်ဖက်ကလည်း စစ်ရေးအရ ထွက်ပေါက်ရှာတာဖြစ်ပါတယ်။ KNU ရဲ့အကြမ်းဖက် အဖျက်လုပ်ရပ်တွေကို ရင်ဆိုင်ကြုံတွေ့နေရတဲ့ ဒေသခံပြည်သူလူထု အတွက် ရင်နာစရာ ကောင်းလှပါတယ်။ ဒါ့ကြောင့်မို့ တစ်နိုင်ငံလုံး အကျိုး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအကျိုးနဲ့ မိမိတစ်သင်း တစ်ဖွဲ့ရဲ့အကျိုးကို ပိုင်းခြားတွေးခေါ် မြော်မြင်နိုင်စွမ်းမရှိဘဲ မျက်ကန်းတစ်ဇွတ်ထိုး ပုဆိန်ရိုးဆက်မလုပ်ဖို့၊ သွေးချင်းညီအစ်ကိုချင်း ကိုယ်ချင်းစာနာတတ်ဖို့ တိုက်တွန်းလိုပါတယ်။ မတရားသောစစ်နဲ့ တရားသောစစ်ဆိုတာကို အမြင်ကြည်ကြည်လင်လင်နဲ့ ပြန်လည်သုံးသပ် ဆုံးဖြတ်နိုင်ဖို့ စေတနာအမှန်နဲ့ ပိုင်းခြားဆန်းစစ်တင်ပြလိုက်ရပါတယ်။ ။

ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်သူလူထု အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် နယ်မြေစိုးမိုးမှုရရှိအောင် ဆောင်ရွက်ပေးနေတာကို မလိုလားလို့ ဒုက္ခသည်များအဖြစ် ထွက်ပြေး တိမ်းရှောင်နေကြရ ပါတယ်ဆိုပြီး အကြောင်းပြလှုံ့ဆော်စွပ်စွဲနေမှုတွေဟာ တစ်ဖက်က နိုင်ငံရေးအမြတ်ထုတ်တာဖြစ်သလို တစ်ဖက်ကလည်း စစ်ရေးအရ ထွက်ပေါက်ရှာတာဖြစ်ပါတယ်။ KNU ရဲ့အကြမ်းဖက် အဖျက်လုပ်ရပ်တွေကို ရင်ဆိုင်ကြုံတွေ့နေရတဲ့ ဒေသခံပြည်သူလူထုအတွက် ရင်နာစရာ ကောင်းလှပါတယ်။ ဒါ့ကြောင့်မို့ တစ်နိုင်ငံလုံး အကျိုး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအကျိုးနဲ့ မိမိတစ်သင်း တစ်ဖွဲ့ရဲ့အကျိုးကို ပိုင်းခြားတွေးခေါ် မြော်မြင်နိုင်စွမ်းမရှိဘဲ မျက်ကန်း တစ်ဇွတ်ထိုး ပုဆိန်ရိုးဆက်မလုပ်ဖို့၊ သွေးချင်းညီအစ်ကိုချင်း ကိုယ်ချင်း စာနာတတ်ဖို့ တိုက်တွန်းလိုပါတယ်။

ငြိမ်းချမ်းပြီး သာယာဝပြောသည့် အာရှဒေသ ဖြစ်ရေး စည်းလုံးညီညွတ်ရန် တရုတ်သမ္မတ ဟူကျင်တောင် တိုက်တွန်း

ကာဇက်စတန်နိုင်ငံ အယ်လ်မာတီမြို့၌ ကျင်းပသောအာရှဒေသတွင်းအပြန်အလှန် ယုံကြည်မှု တည်ဆောက်ရေးဆိုင်ရာ ညီလာခံ၌ တရုတ်နိုင်ငံ သမ္မတဟူကျင်တောင် တက်ရောက်နေသည်ကို ဇွန် ၁၇ ရက်ကတွေ့ရစဉ်။(ဓာတ်ပုံ–အင်တာနက်)

အယ်လ်မာတီ(ကာဇက်စတန်) ဇွန် ၁၈

အာရှဒေသသည် ငြိမ်းချမ်းပြီးသာယာဝပြောသော ဒေသအဖြစ် အခိုင်အမာ ရပ်တည်လာနိုင်စေရေးအတွက် ဒေသတွင်းရှိနိုင်ငံများ ညီညွတ်မှုရှိကြရန် တရုတ်သမ္မတ ဟူကျင်တောင်က စနေနေ့တွင် တိုက်တွန်းလိုက်သည်။

ထူးခြား

အာရှဒေသတွင် အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရေးဆိုင်ရာ ညီလာခံ၌ မိန့်ခွန်းပြောကြားသူ သမ္မတဟူက အထက်ပါအတိုင်း တိုက်တွန်း လိုက်ခြင်းဖြစ်သည်။ အာရှဒေသသည် ဝိသေသလက္ခဏာများနှင့် ထူးခြားသည့်ဒေသဖြစ်ကြောင်း၊ အာရှတိုက်၏ အောင်မြင်မှုအတွက် ဒေသတွင်းနိုင်ငံများ စည်းလုံးခိုင်မာမှုရှိကြရန် လိုအပ်ကြောင်း သမ္မတဟူက တစ်ရက်ကြာကျင်းပသည့် အဆိုပါညီလာခံတွင် ပြောကြားသည်။ မည်သည့်နိုင်ငံမဆို အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခွင့်၊ ဖွံ့ဖြိုးမှုမဟာဗျူဟာကို ချမှတ်ပိုင်ခွင့်၊ မူဝါဒများကို လွတ်လွတ်လပ်လပ် ရေးဆွဲကျင့်သုံးပိုင်ခွင့်ရှိရမည်ဖြစ်ကြောင်း သမ္မတဟူက ဆက်လက်ပြောကြားသည်။

အာရှဒေသတွင် ယဉ်ကျေးမှုပေါင်းစုံ ပွင့်လန်းဝေဆာလျက်ရှိကြောင်း၊ ဒေသတွင်းရှိနိုင်ငံများအတွင်း တစ်နိုင်ငံ၏ ယဉ်ကျေးမှုကို အခြားတစ်နိုင်ငံက အပြန်အလှန်လေးစားရန်၊ ယဉ်ကျေးမှုဆိုင်ရာ အပြန်အလှန် ဖလှယ်မှုများ ပြုလုပ်ကြရန် လိုအပ်ကြောင်း တရုတ်သမ္မတက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဗြိတိန်ရှိ အကျဉ်းထောင်များ၌ အကျဉ်းသားများ ပြည့်ကျပ်လျက်ရှိ

လန်ဒန် ဇွန် ၁၉

ဗြိတိန်နိုင်ငံရှိ အကျဉ်းထောင်များသည် အကျဉ်းသားများဖြင့် ပြည့်ကျပ်လျက်ရှိပြီး ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့် အကျဉ်းသားအသစ်များကို မကြာမီကာလတွင် လက်ခံနိုင်ဖွယ် မရှိကြောင်း အကျဉ်းထောင်များ စစ်ဆေးရေးမှူးချုပ်က တနင်္ဂနွေနေ့တွင် သတိပေးလိုက်သည်။

နေရာထိုင်ခင်း စုစုပေါင်း ၇၉၅၀၀ ရှိသည့်အနက် ၁၈၀၀မျှပင် မကျန်တော့ကြောင်း၊ အချို့ အကျဉ်းထောင်များမှာ "ထောင်ပြည့်ပြီ" ဟူသော ဆိုင်းဘုတ်များ ချိတ်ဆွဲထားရမည့်အခြေအနေရှိနေကြောင်း ဆန်းဒေးတိုင်းမ်စ်သတင်းစာ၏ လူတွေ့မေးမြန်းခန်းတွင် အန်နီအိုဝါက ပြောကြားသည်။

စက်တင်ဘာလလယ်ထက်နောက်မကျဘဲ အဆိုးရွားဆုံး အခြေအနေသို့ ဆိုက်ရောက်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

မီရာပီမီးတောင် ချော်ရည်များ ဆက်လက်မှုတ်ထုတ်

ဂျကာတာ ဇွန် ၁၈

အင်ဒိုနီးရှားနိုင်ငံရှိ မီရာပီ မီးတောင်သည် ပူပြင်းသော ဓာတ်ငွေ့တိမ်တိုက်ကြီးများနှင့် ချော်ရည်များကို ဆက်လက်မှုတ်ထုတ်နေဆဲဖြစ်ကြောင်း ဂျော့ဂျ်ဂျကာတာ မီးတောင်လှုပ်ရှားမှု လေ့လာရေးဌာန တာဝန်ရှိသူ တစ်ဦးက စနေနေ့တွင် ပြောကြားသည်။

မှုတ်ထုတ်

မီရာပီမီးတောင်သည် စနေနေ့တွင် ဓာတ်ငွေ့တိမ်တိုက်ကြီးများကို နှစ်ကြိမ်မှုတ်ထုတ်ခဲ့ကြောင်း မီးတောင်လှုပ်ရှားမှု စောင့်ကြည့်ရေး ကင်းစခန်းက ပြောကြားသည်။

မီရာပီမီးတောင်သည် ၁၅ ကြိမ်တိုင်တိုင် ချော်ရည်များကို မှုတ်ထုတ်ခဲ့ကြောင်း မီးတောင်လေ့လာရေး ပညာရှင်တစ်ဦးက ပြောကြားသည်။

အဆိုပါ မီးတောင်သည် ဝေဟင်အတွင်းသို့ ကန့်ဓာတ်ငွေ့ပါရှိသော ဓာတ်ငွေ့များကိုလည်း အလိပ်လိုက်မှုတ်ထုတ်ခဲ့ကြောင်း၊ မီးတောင်ပေါက်ကွဲမှုနှင့် ဆက်နွှယ်နေသော မြေတုန်ဟည်းမှု ငါးကြိမ်ရှိကြောင်း သိရှိရသည်။

လျှော့ချ

မီးတောင် ဘေးအန္တရာယ်သတိပေးမှုအဆင့်ကို လျှော့ချလိုက်ပြီးနောက် ၂၄ နာရီမျှသာ ကြာမြင့်သေးချိန်တွင် မီးတောင်မှ ချော်ရည်များ ပြန်လည်စီးထွက်လာခြင်း ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဂရိနိုင်ငံ ပို့ကုန် ပထမသုံးလ၌မြင့်တက်

အေသင် ဇွန် ၁၈

ဂရိနိုင်ငံ၏ ပို့ကုန်ပမာဏမှာ ၂၀၀၆ ခုနှစ် ပထမသုံးလပတ်ကာလတွင် ယမန်နှစ်အလားတူ ကာလကထက် ၂၂ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အမျိုးသား ပို့ကုန်တင်ပို့သူများ အဖွဲ့က ကြာသပတေးနေ့တွင် ဖော်ပြသည်။

ယခုနှစ် ပထမသုံးလတာကာလတွင် ပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၄ ဒသမ ၈၆ ဘီလီယံရှိသည်။ ယမန်နှစ်အလားတူကာလကမူ အမေရိကန် ဒေါ်လာ ၃ ဒသမ ၉၆ ဘီလီယံမျှသာ ရှိခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသနှင့် အာရှနိုင်ငံများသို့ ဂရိနိုင်ငံ၏ ပို့ကုန်များ တင်ပို့မှုမှာ ၃၆ ဒ သမ ၆ ရာခိုင်နှုန်း မြင့်တက်လာသည်။ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ကုန်ကြမ်းများနှင့် လောင်စာများ တင်ပို့မှုမှာ သိသိသာသာ မြင့်တက်လာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိလာသော ကူဝိတ်စော်ဘွား ရှိတ်ဆာဘား အယ်လ်–အာမက်အား သမ္မတ မူရှာရက်ဖ်နှင့်အတူ ရာဝါပင်ဒီမြို့ရှိ စစ်အခြေစိုက်စခန်းတွင် ဇွန် ၁၉ ရက်က တွေ့ရစဉ်။(ဓာတ်ပုံ–အင်တာနက်)

မော်စကို၌ ပေါက်ကွဲမှုဖြစ်ပွား နှစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရ

မော်စကို ဇွန် ၁၈

ရုရှားနိုင်ငံ မြို့တော်မော်စကိုရှိ တိုက်ခန်းတွဲနေအိမ် အဆောက်အအုံတစ်လုံးတွင် သောကြာနေ့ အစောပိုင်းက ပေါက်ကွဲမှုဖြစ်ပွားရာ နှစ်ဦးထက်မနည်း သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိကြောင်း အရေးပေါ် လုပ်ငန်းများဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ပျက်စီး

မော်စကို အနောက်တောင်ပိုင်း ဇနူကိုဗိုရပ်ကွက်တွင် သောကြာနေ့ မော်စကိုစံတော်ချိန် နံနက် ၆ နာရီ မိနစ် ၅၀ က ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်ကြောင်း၊ တိုက်ခန်းတွဲနေအိမ် အဆောက်အအုံတစ်လုံးတွင် တိုက်ခန်းမွမ်းမံပြင်ဆင်မှု ပြုလုပ်လျက်ရှိပြီး ဓာတ်ငွေ့ပို့သည့် ပိုက်လိုင်းသစ်တစ်ခုကို တပ်ဆင်နေချိန်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဇစ်တာ ဘယ်လ်ဆော့ဗ်က ပြောကြားသည်။

ငါးထပ်အဆောက်အအုံ၏ တတိယထပ်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ၌ နံရံတစ်ချပ်နှင့်ကြမ်းခင်းများ ပျက်စီးသွားပြီး မီးလောင်မှုဖြစ်ပွားကြောင်း၊ သို့သော် မီးကို ငြိမ်းသတ်နိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘဂ္ဂဒက်၌ ကားဗုံးပေါက်ကွဲ

ဘဂ္ဂဒက် ဇွန် ၁၈

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့ရှိ မုန့်တိုက်ရှေ့တွင် ကြာသပတေးနေ့က ကားဗုံးပေါက်ကွဲရာ လူသုံးဦးထက်မနည်း သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့ ဆေးဒီယာဒေသ အနောက်တောင်ဘက်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အိန္ဒိယနိုင်ငံ အာသံပြည်နယ် ကျေးရွာတစ်ရွာ၌ ရေလွှမ်းမိုးနေသည်ကို ဇွန် ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အဇာဘိုင်ဂျန်၊ ဂျော်ဂျီယာနှင့် တူရကီ သုံးနိုင်ငံဆက်သွယ်သည့် ရေနံပိုက်လိုင်းဖွင့်မည်

အင်ကာရာ ဇွန် ၁၈

သုံးနိုင်ငံ ဆက်သွယ်သည့် ရေနံပိုက်လိုင်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၃ ရက်တွင် ကျင်းပနိုင်ရန် တူရကီနိုင်ငံက စီစဉ်လျက်ရှိကြောင်း၊ အဆိုပါအခမ်းအနားသို့ နိုင်ငံအကြီးအကဲ အချို့တက်ရောက်မည်ဟု မျှော်လင့်ရကြောင်း တူရကီသတင်းဌာနများက သောကြာနေ့တွင် သတင်းထုတ်ပြန်သည်။

ဘာကူး–တီဘလီစီ–ဆေဟန် ရေနံပိုက်လိုင်းသည် ကီလိုမီတာ ၁၇၆၀ ရှည်လျားပြီး အဇာဘိုင်ဂျန်ရေနံမြေမှ ထွက်ရှိသော ရေနံစိမ်းကို မြေထဲပင်လယ်ဒေသသို့ ပို့လွှတ်ပေးနိုင်မည်ဖြစ်သည်။

အဆိုပါ ရေနံပိုက်လိုင်း၏ ၄၄၅ ကီလိုမီတာ ရှည်လျားသော အပိုင်းမှာ အဇာဘိုင်ဂျန်နိုင်ငံတွင် တည်ရှိပြီး ၂၄၅ ကီလိုမီတာ အရှည်ရှိ အပိုင်းနှင့် ကီလိုမီတာ ၁၀၇၀ အရှည်ရှိ အပိုင်းချို့မှာ ဂျော်ဂျီယာနိုင်ငံနှင့် တူရကီနိုင်ငံတို့၏ နယ်မြေအတွင်း တည်ရှိသည်။

ဘာကူး–တီဘလီစီ–ဆေဟန် ရေနံပိုက်လိုင်းသည် ကမ္ဘာ့ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းသုံး ရေနံပမာဏ၏ ၈ ရာခိုင်နှုန်းကို ပို့လွှတ်နိုင်ပြီး တူရကီနိုင်ငံတွင် ရေနံပိုက်လိုင်းလုပ်ငန်းမှ နှစ်စဉ်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀နီးပါး ရရှိနိုင်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဇွန် ၁၇ ရက်က ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ကာဇက်စတန်သမ္မတ နာဇာဘေယက်ဗ်တို့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ လက်မှတ်ရေးထိုးပြီး လဲလှယ်ကြစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့များကြောင့် အရပ်သားများ သေဆုံးရမှုကို ဂျပန်နိုင်ငံ မြို့တော် တိုကျိုရှိ အမေရိကန်သံရုံးရှေ့တွင် ဇွန် ၁၇ ရက်က ကန့်ကွက်ဆန္ဒပြစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာ့အထည်အလိပ်လုပ်ငန်း၏ ဗဟိုချက်ဒေသဖြစ်ရေး တောင်အာရှသုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည်

အစ္စလမ္မာဘတ် ဇွန် ၁၈

ပါကစ္စတန်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် လုပ်ငန်းကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဒေသဆိုင်ရာကုန်သွယ်ရေး မြှင့်တင်နိုင်ကြမည်ဆိုပါက ကမ္ဘာ့အထည်အလိပ်လုပ်ငန်း ဗဟိုအချက်အချာ ဒေသအဖြစ် ရပ်တည်လာနိုင်မည်ဖြစ်ကြောင်း ကရာချိကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌ ဟာရွန်းဖာရူကီက စနေနေ့တွင် ပြောကြားသည်။

တောင်အာရှဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(ဆာအတ်)၏ သတ္တမအကြိမ် ကုန်စည်ပြပွဲ (၂၀၀၆) ဖွင့်ပွဲအခမ်းအနားတွင် ဖာရူကီက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။ တစ်ကမ္ဘာလုံးပေါင်းရုံးဆက်နွှယ်မှုခေတ်တွင် တောင်အာရှဒေသနိုင်ငံများ၏ ရပ်တည်မှုခိုင်မာစေရန် မိမိတို့ နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

ပါကစ္စတန်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် နည်းပညာနှင့် လုပ်ငန်းကျွမ်းကျင်မှုတို့ရရှိရန် ဥရောပနိုင်ငံများထံမှ အကူအညီကို ရယူခြင်းထက် ဒေသတွင်းရှိ နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရန် ပိုမိုလိုအပ်ကြောင်း ဖာရူကီက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

ကန်တပ်ဖွဲ့ဝင်နှစ်ဦး အီရတ်၌ ပျောက်ဆုံးနေ

ဘဂ္ဂဒက် ဇွန် ၁၈

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တောင်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ပျောက်ဆုံးလျက်ရှိရာ ရေငုပ်သမားများနှင့် ရဟတ်ယာဉ်များကို အသုံးပြု၍ စနေနေ့က ရှာဖွေလျက်ရှိသည်။

ယူဆွတ်ဖီယာမြို့အနီး တူးမြောင်းတည်ရှိရာနေရာတွင် ဖွင့်လှစ်ထားသည့် စစ်ဆေးရေး ဂိတ်တစ်ဂိတ်ကို တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦး ပျောက်ဆုံးလျက်ရှိသည်။

အမ်အင်အေ၊ ရိုက်တာ။

အဲဘာတ်စ်လေယာဉ် ၂၄ စင်း တရုတ်လေကြောင်းလိုင်းမှ ဝယ်ယူမည်

ပေကျင်း ဇွန် ၁၈

တရုတ်နိုင်ငံပိုင် အဲချိုင်းနားလေကြောင်းဌာနသည် အဲဘာတ်စ် အေ–၃၂၀ အမျိုးအစား လေယာဉ် ၂၄ စင်းဝယ်ယူရန် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း ရှန်ဟိုင်းတွင် ထုတ်ဝေသည့် သတင်းစာတစ်စောင်တွင် သောကြာနေ့က ရေးသားတင်ပြသည်။

အဲချိုင်းနားလေကြောင်းဌာနနှင့် အဲဘာတ်စ် လေယာဉ်ထုတ်လုပ်ရေးလုပ်ငန်းအုပ်စုတို့ လက်မှတ်ရေးထိုးလိုက်သော ကန်ထရိုက်စာချုပ်အရ အမေရိကန် ဒေါ်လာ ၁ ဒသမ ၇၄၄ ဘီလီယံဖိုးရှိ လေယာဉ် ၂၄ စင်းကို ၂၀၀၇ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း ရရှိမည်ဟု မျှော်လင့်ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

မူးယစ်ဆေးဝါးဂိုဏ်းအား စုံစမ်းမှုတွင် ကူညီရန် ဗီယက်နမ်ကိုပန်ကြား

ဟနွိုင်း ဇွန် ၁၈

ဗီယက်နမ် လေကြောင်းဌာနမှ လေယာဉ်မှူးတစ်ဦးကို မူးယစ်ဆေးဂိုဏ်းတစ်ဂိုဏ်းနှင့် ဆက်နွှယ်ဆောင်ရွက်မှုဖြင့် ထိန်းသိမ်းလိုက်ပြီးနောက် ယင်းဂိုဏ်းနှင့်ပတ်သက်၍စုံစမ်းစစ်ဆေးမှုများတွင် ပါဝင်ကူညီရန် ဩစတြေးလျရဲတပ်ဖွဲ့က ဗီယက်နမ်အစိုးရကို မေတ္တာရပ်ခံလိုက်ကြောင်း နိုင်ငံပိုင် မီဒီယာက စနေနေ့တွင် သတင်းထုတ်ပြန်သည်။

ဗီယက်နမ်လူမျိုး လေယာဉ်မှူးတစ်ဦးဖြစ်သူ ထရန်ဒန်ဒန်ကို အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ နှင့်အတူ ဆစ်ဒနီလေဆိပ်တွင် ဇွန် ၃ ရက်က ဖမ်းဆီးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

စစ်ရာဇဝတ်မှုကျူးလွန်သူအဖြစ် ကန်သမ္မတကို ဝေဖန်

ဗီယင်နာ ဇွန် ၁၈

အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်သည် စစ်ရာဇဝတ်မှု ကျူးလွန်သူတစ်ဦးဖြစ်ကြောင်း ဩစတြီးယား လက်ယာယိမ်းနိုင်ငံရေးသမား ဂျော့ဂျ်ဟိုင်ဒါက စနေနေ့တွင် ဝေဖန်လိုက်သည်။ ဩစတြီးယားအစိုးရအဖွဲ့သည် သမ္မတဘုရှ်နှင့် ဥရောပခေါင်းဆောင်များ တက်ရောက်မည့် အစည်းအဝေးတစ်ရပ်ကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် ရက်အနည်းငယ်မျှသာ လိုတော့ချိန်တွင် ဟိုင်ဒါက ဘုရှ်အား ရှုတ်ချလိုက်ခြင်းဖြစ်သည်။

မယုံကြည်

လာမည့် ဗုဒ္ဓဟူးနေ့တွင် ဗီယင်နာမြို့၌ သမ္မတဘုရှ်နှင့် ဥရောပနိုင်ငံများမှ ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးမည်ဖြစ်သော်လည်း ယင်းအစည်းအဝေးသည် ထိရောက်မှုရှိလိမ့်မည်မဟုတ်ကြောင်း၊ အကြောင်းမှာ ဥရောပခေါင်းဆောင်များ၏ တင်ပြချက်ကို သမ္မတဘုရှ်က အလေးအနက်ရှိမည်ဟု မိမိမယုံကြည်ခြင်းကြောင့် ဖြစ်ကြောင်း ဟိုင်ဒါက ပြောကြားသည်။

ကျူးကျော်တိုက်ခိုက်ခဲ့

ဘုရှ်သည် စစ်ရာဇဝတ်မှုကျူးလွန်သူဖြစ်ကြောင်း၊ ၎င်းသည် အီရတ်နိုင်ငံကို ရည်ရွယ်ချက်ရှိရှိဖြင့် ကျူးကျော်တိုက်ခိုက်ခဲ့ကြောင်း၊ အီရတ်ကို တိုက်ခိုက်နိုင်စေရန် မုသားစကားဆိုခဲ့သူဖြစ်ကြောင်း ဩစတြီးယား ဒီပရက်စ် သတင်းစာ၏ လူတွေ့မေးမြန်းခန်းတွင် ဟိုင်ဒါက ပြောကြားသည်။

အတိဒုက္ခရောက်

အီရတ်စစ်ပွဲကြောင့် ပြည်သူများ အတိဒုက္ခရောက်ကြရပြီး စစ်၏သားကောင်ဖြစ်ရသူဦးရေမှာ မနည်းလှကြောင်း ၎င်းက ဝေဖန်လိုက်သည်။

အမ်အင်အေ၊ရိုက်တာ။

နယူးပို့ ဘာမြူဒါရွက်လှေပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေသည့် နယူးဇီလန်မှ ရွက်လှေတစ်စင်းကို ဇွန် ၁၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

လေယာဉ်ပြန်ပေးဆွဲရန် ကြိုးပမ်းမှု ဖြိုခွင်းနိုင်

ဂျိုဟန်နက်စဘတ် ဇွန် ၁၈

တောင်အာဖရိက လေကြောင်းဌာနပိုင် လေယာဉ်တစ်စင်းသည် စနေနေ့က ပြည်တွင်းလေကြောင်းခရီးစဉ် ပျံသန်းနေစဉ်အတွင်း လက်နက်ကိုင်ဆောင်ထားသည်ဟုယူဆသူ အမျိုးသားတစ်ဦးက လေယာဉ်ပြန်ပေးဆွဲရန် ကြိုးပမ်းခဲ့သော်လည်း ၎င်းကိုဝိုင်းဝန်းဖမ်းဆီးနိုင်ခဲ့ကြောင်း လေကြောင်းဌာန ပြောရေးဆိုခွင့်ရှိသူ ဂျက်ကီအိုဆူလီဗန်က ပြောကြားသည်။

ကိပ်တောင်းမြို့မှ ဂျိုဟန်နက်စဘတ်မြို့သို့ ပျံသန်းလာသော လေယာဉ်ကို ပြန်ပေးဆွဲရန် ကြိုးပမ်းခဲ့သူမှာ အသက် ၂၁နှစ်အရွယ်ရှိပြီး နိုင်ငံခြားသားတစ်ဦးအဖြစ်ထင်မှတ်ရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း မြောက်ဥက္ကလာပဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ၂၀၀၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူး၍ မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပွဲ၊ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ၊ သွေးလှူဒါန်းပွဲနှင့် ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားတို့သို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကု ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်းက အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆေးရုံဝန်ထမ်းများစုပေါင်း၍ ဆေးရုံကြီးဝင်းအတွင်း၌ လုပ်ကွက်ခြောက်ကွက်ခွဲကာ ရေနုတ်မြောင်းများ ဆယ်ယူခြင်း၊ အမှိုက်များ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်လှဲခြင်း၊ သယ်ယူစွန့်ပစ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို မြေပုံဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ကွက်များ ဆောင်ရွက်နေမှုကို လိုက်လံပြသသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဋ္ဌေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာဖွဲ့ နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့် ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များက ဆေးရုံကြီးဥပစာ၌ ခြံစည်းရိုးကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသူများက ခြံစည်းရိုးကြက်ဆူပင် ၂၃၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ မြို့တော်ဝန်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ ဌာနကြီးမှူးများနှင့် တာဝန်ရှိသူများသည် မြောက်ဥက္ကလာပ အထွေထွေရောဂါကု ဆေးရုံကြီး သွေးလှူဘဏ်၌ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ စုပေါင်း၍ သွေးအလှူရှင် ၁၅၀ တို့၏ သွေးလှူဒါန်းနေမှု အခြေအနေကို ကြည့်ရှုအားပေးစကား ပြောကြားကြသည်။

ယင်းနောက် မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကု ဆေးရုံကြီးခန်းမ၌ ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က ၂၀၀၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းကာ အထူးသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးခြင်း၊ သွေးလှူဒါန်းခြင်းနှင့် ဆေးပဒေသာပင် စိုက်ထူလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က စီစဉ်ဆောင်ရွက်ခဲ့မှုနှင့် သိသင့်သည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လှူဒါန်းငွေ ကျပ် နှစ်သိန်းကို တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လှူဒါန်းငွေကျပ် နှစ်သိန်းကို အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ လှူဒါန်းငွေကျပ်နှစ်သိန်းကို နာယက ဒေါ်မာမာဝေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက အလှူငွေကျပ် ၁၂ သိန်း၊ Junction (8) မိသားစုက အလှူငွေကျပ် ရှစ်သိန်း၊ ဦးရန်နိုင် မိသားစုက အလှူငွေကျပ် ငါးသိန်း၊ ဦးသိန်းမောင်–ဒေါ်ပါးပါး စန္ဒီပရဆေးမိသားစုက ငွေကျပ် သုံးသိန်းသုံးထောင်၊ ဂရိတ်ဝေါလ် ဦးမောင်မောင် မိသားစုက ငွေကျပ် နှစ်သိန်း၊ ဦးတင်ဦး (Cammel မိသားစု) က ငွေကျပ် နှစ်သိန်း၊ NWS မိသားစုက ငွေကျပ် သုံးသိန်း၊ ရွှေပေါက်ကံ စက်မှုဇုန်က ငွေကျပ်နှစ်သိန်းအပါအဝင် အလှူရှင် ၃၈ ဦးတို့က အလှူငွေကျပ် ၅၉၆၃၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွှန့်၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်းတို့က လက်ခံကြသည်။

ထို့နောက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပွဲ၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲ၊ သွေးလှူဒါန်းပွဲနှင့် ဆေးပဒေသာပင်စိုက်ထူလှူဒါန်းပွဲ အထိမ်းအမှတ် အလံငယ်များကို ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွှန့်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဋ္ဌေးနှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေတို့သို့ ပေးအပ်ကြပြီး ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်းက ကျေးဇူးတင်စကားပြောကြားသည်။

(သတင်းစဉ်)

ကြက်ဆူပင် စိုက်ပျိုး

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဋ္ဌေး မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကု ဆေးရုံကြီး၌ ခြံစည်းရိုး ကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

အဘိဓမ္မာစာပြန်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၉

ဆူးလေစေတီတော်ရင်ပြင်ရှိ အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏ (၃၉)ကြိမ်မြောက် အဘိဓမ္မာ (အာဂမ+သဘာဝ) စာတော်ပြန်ပွဲကြီးကို တော်သလင်းလဆန်း ၄ ရက်မှ ၆ ရက်အထိ ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မရတနာဃရ အဘိဓမ္မာ ဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပမည်ဖြစ်သည်။ စာတော်ပြန်ပွဲ ဝင်ရောက်ဖြေဆိုမည့် ရဟန်းရှင်လူ ပုဂ္ဂိုလ်များသည် ဝင်ခွင့်ပုံစံများကို ဆူးလေစေတီတော်ရင်ပြင်ရှိ အဘိဓမ္မာ ပြန့်ပွားရေးအသင်းကြီး၏ ရုံးခန်းတွင် ဝါဆိုလဆန်း ၇ ရက်၊ ဇူလိုင် ၁ ရက်မှစ၍ တောင်းခံရယူပြီး ဝါခေါင်လဆန်း ၇ ရက်၊ ဇူလိုင် ၃၁ ရက် (တနင်္လာနေ့) မတိုင်မီ နောက်ဆုံးထား၍ ပြန်လည်ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ (၆)လမ်း၊ ဟံသာရိပ်မွန် အိမ်ရာနေ ဦးလီဝါအွန်–ဒေါ်ကောင်ငွတ်ကျင်မိသားစုက ဒေါ်ကောင်ငွတ်ကျင်၏ (၆၉)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

The Commerce Journal အတွဲ(၆) အမှတ်(၁၁) ဖြန့်ချီ

ရန်ကုန် ဇွန် ၁၉

The Commerce Journal အတွဲ(၆) အမှတ်(၁၁)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါဂျာနယ်တွင် နိုင်ငံတကာအဆင့်မီ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ တင်ပို့နေသည့် Sun Tree ကုမ္ပဏီ၊ ဘက်စုံအသုံးဝင် ဂျင်ဆင်းဆေးပင် သန်လျင်တွင်စိုက်ပျိုးဖြစ်ထွန်း၊ မြန်မာ့စိန်တစ်လုံးသရက်သီး ဈေးကွက်ချဲ့ထွင်ပြီ၊ သဘာဝရော်ဘာဈေးကောင်း၊ တရုတ်နိုင်ငံတွင် ရွှေဈေးအမြင့်ဆုံးရောက်စသည့်သတင်းများအပြင်၊ မောင်စူးစမ်း၏ ကမ္ဘာ့ဖလားဘောလုံးပွဲမှာ ပုံရိပ်ကိုခက်ခက်ခဲခဲ ထူထောင်ရန်လိုသလား၊ မောင်တိုင်ပင်၏ လူငယ်တွေ၏ အနာဂတ်လုပ်ငန်းခွင်၊ ကြည်ရွှန်း၏ အောင်မြင်ချမ်းသာနည်း(၁၀၀)၊ အောင်သင်း၏ ကျွန်တော် ကျောင်းဆရာ၊ မောင်ဆုရှင်၏ ဗီတာမင်လွှန်ကဲသော်၊ ကြည်မင်း၏ သူကြွယ်များကိုကြည့်ရှုခြင်း၊ မောင်ပုဆိုးကြမ်း၏ ရှားရှားရေနံကြွယ်ဝမှု၊ ဟံသာထွန်း၏ ကကတစ်ငါး၊ သိန်းမြသိန်း၏ ရင်းနှီးမြှုပ်နှံသူတွေ မျက်စိကျနေတဲ့ မွမ်ဘိုင်းမြို့စတဲ့ ဆောင်းပါးများ၊ ပြည်တွင်းပြည်ပဈေးကွက်သတင်းများ၊ နယ်စပ်ကုန်သွယ်ရေးသတင်းများ၊ ဆရာစံဇာဏီဘို၏ အမည်ဟောကိန်း၊ ဟာသ၊ ရုပ်ရှင်သတင်းများဖြင့် ဝေဝေဆာဆာဖော်ပြထားပြီး အမှတ်(၃၈) လမ်း(၃၀) ပန်းဘဲတန်းမြို့နယ်မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀–၆–၂၀၀၆ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်	၁၀း၀၀	ဆီးချိုသွေးချိုရောဂါနှင့် အင်ဆူလင်အသုံးပြုပုံ အကြောင်း(အပိုင်း–၃)
၇း၀၅	ကြည်နူးပျော်ရွှင်ဖွယ်ရာ ကရဝိက်ဥယျာဉ်ကမ္ဘာ Kid's Day ပွဲတော်	၁၀း၂၀	တေးဂီတအစီအစဉ်
၇း၂၀	တေးဂီတအစီအစဉ်	၁၀း၂၅	နိုင်ငံတကာအနုပညာရေးရာ
၇း၂၅	Sunday Talk	၁၀း၄၀	ပြည်တွင်းသတင်းအကျဉ်း
၈း၁၅	ပြည်တွင်းသတင်းအကျဉ်း	၁၀း၅၀	လောကရဲ့အလှရတနာ (ရဲအောင်၊ သူထူးစံ၊ မေသဉ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ)
၈း၂၅	တေးဂီတအစီအစဉ်	၁၁း၀၅	တေးဂီတအစီအစဉ်
၈း၃၅	သတ္တုတူးသောရွာကလေး	၁၁း၁၀	မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ(၂၀၀၆)
၈း၄၅	တေးဂီတအစီအစဉ်	၁၁း၃၅	တေးဂီတအစီအစဉ်
၈း၅၀	နိုင်ငံတကာသတင်းအကျဉ်း	၁၁း၄၀	စလင်းရေလှောင်တမံ
၈း၅၅	ကုသိုလ်ပြုဆင်နွဲ မြန်မာ–ကိုရီးယား ချစ်ကြည်ရေးဈေးရောင်းပွဲ	၁၁း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၁၀	Celebrity Profile (ဝင်းဦး)	၁၁း၅၅	တေးဂီတအစီအစဉ်
၉း၅၅	မိုးလေဝသခန့်မှန်းချက်	၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာအစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ပင်လုံရိပ်မွန်(၃)လမ်းနေ ဦးမြင့်ဝေ–ဒေါ်လှကြည် မိသားစုက ကွမ်းခြံကုန်းမြို့ နာရေးကူညီမှုအသင်းသို့ ငွေကျပ် ၁၂၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးသန်းထွန်းနှင့်အဖွဲ့ လက်ခံရယူစဉ်။ (က–ပ)

မုဒုံအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇွန် ၁၉

မုဒုံအသင်း(ရန်ကုန်)၏ အဌမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁ ရက်၊ ၁၃၆၈ ခု ဝါဆိုလဆန်း ၇ ရက်(စနေနေ့) နံနက် ၉ နာရီတွင် မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ မြစပါယ်လမ်း၊ ဝိဇ္ဇောတာရုံ ပရိယတ္တိစာသင်တိုက်ကြီး ပဓာန နာယက ဆရာတော်ဘဒ္ဒန္တဝိဇ္ဇောတ ဆရာတော်ကြီးအား အမှူးထား၍ ပင့်သံဃာတော် ၁၅ ပါးတို့ဖြင့် စာသင်တိုက် ဓမ္မာရုံကြီးတွင် ဝါဆို သင်္ကန်းစုပေါင်းဆက်ကပ်မည်ဖြစ်ရာ ရန်ကုန်ရောက် မုဒုံမြို့နယ်သူ၊ သားများနှင့် အသင်းဝင်များအားလုံး ကြွရောက်ကြရန် ဖိတ်ကြားထားသည်။

သံဃာတော်ဆွမ်းကပ်လှူခြင်းနှင့် ပရိသတ်များအား နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံခြင်းအတွက် အလုပ်အမှုဆောင် မုဒုံ ဦးမောင်မောင်နှင့် ဇနီး ဒေါ်သန်းသန်းဦးတို့က လှူဒါန်းမည်ဖြစ်သည်။

ဝါဆိုသင်္ကန်းကပ်လှူရာတွင် ပါဝင်လှူဒါန်းနိုင်ရေးအတွက် ဗိုလ်မှူးကြီး ကြည်ထွန်း(ငြိမ်း) (ဥက္ကဋ္ဌ) ဖုန်း–၅၇၀၈၈၂၊ ဦးသာလှ (အတွင်းရေးမှူး) ဖုန်း–၅၃၉၄၅၃၊ ဦးစိုးတင်(ဘဏ္ဍာရေးမှူး) ဖုန်း–၅၃၈၇၂၁ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် စပါးခွံဓာတ်ငွေ့သုံး အင်ဂျင်ထုတ်လုပ်မှုစက်ရုံနှင့် ရန်ကုန် ထရန်စဖော်မာထုတ်လုပ်ရေးစက်ရုံတို့ကို ကြည့်ရှု

ရန်ကုန် ဇွန် ၁၉

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇွန် ၁၈ရက်တွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ မြန်မာ့တီထွင်သူများ သမဝါယမအသင်းလီမိတက်၏ စပါးခွံဓာတ်ငွေ့သုံး အင်ဂျင်ထုတ်လုပ်မှုစက်ရုံသို့ ရောက်ရှိရာ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုးတင့်အောင်က ဒီဇယ်နှင့် စပါးခွံဓာတ်ငွေ့ ရောစပ်မောင်းနှင်ခြင်းဖြင့် ဒီဇယ်ဆီသီးသန့်ဖြင့် မောင်းနှင်သောစက်များထက် ဆီစားနှုန်းသက်သာမှု ဖြစ်ပေါ်စေသောစက်များ အဆင့်ဆင့်ဆောင်ရွက်မှုတို့ကို လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ဝန်ကြီးသည် မြင်းကောင်ရေ ၁၈၀ရှိ အင်ဂျင်စက်ကိုလည်းကောင်း၊ Gas ထုထည်အားတွက်ချက်စမ်းသပ်ရန်အတွက် ဒီဇယ်ဖြင့် မောင်းနှင်ခြင်းထက် ဒီဇယ်နှင့် စပါးခွံသုံး ဓာတ်ငွေ့ရောစပ်မောင်းနှင်ခြင်းကြောင့် ဆီစားနှုန်းကျဆင်းမှုကို လက်တွေ့ပြသသည့် စမ်းသပ်မောင်းနှင်မှု အဆင့်ဆင့်ကိုလည်းကောင်း ကြည့်ရှုရာ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုးတင့်အောင်က စမ်းသပ်မှု အဆင့်ဆင့်အရ ဒီဇယ်ကုန်ကျမှု ၂၀ရာခိုင်နှုန်းခန့် လျှော့ချပြီး စပါးခွံဓာတ်ငွေ့အား ၈၀ရာခိုင်နှုန်း အသုံးပြုနိုင်ရန် စမ်းသပ်မောင်းနှင်နိုင်မှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးသည် ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်ရှိ ရန်ကုန်ထရန်စဖော်မာ ထုတ်လုပ်မှုစက်ရုံသို့ ရောက်ရှိရာ အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းလင်းသောင်းက စပါးခွံဓာတ်ငွေ့ ထုတ်လုပ်မှုပမာဏကို ထိန်းချုပ်သည့် စနစ်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးသည် ထရန်စဖော်မာတွင် တပ်ဆင်အသုံးပြုသည့် သံမဏိပြားများဖြစ်သည့် စက်များကိုလည်းကောင်း၊ ထရန်စဖော်မာကို ချေးချွတ်စက်များဖြင့် ချေးချွတ်မှုအဆင့်ဆင့်ကို လည်းကောင်း၊ Computer စက်များ ထိန်းသိမ်းရေး စက်များကိုလည်းကောင်း၊ Core ဖြတ်စက်များကိုလည်းကောင်း၊ Coil ဆင်မှုများနှင့် 10 MVA Coil ပတ်ပုံများ အဆင့်ဆင့်ကိုလည်းကောင်း ကြည့်ရှုကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားသွားသည်။ (သတင်းစဉ်)

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့် ရွှေပြည်သာမြို့နယ်ရှိ ရန်ကုန် ထရန်စဖော်မာ ထုတ်လုပ်မှုစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိဗ္ဗာန်ရွှေဂူတောရရိပ်သာ တည်ဆောက်ရေးလှူဒါန်း

ရန်ကုန် ဇွန် ၁၉

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ် အမှတ်(၅) မေလမ်း၌ တည်ဆောက်လျက်ရှိသော မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရရိပ်သာအတွက် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှရွှေ-ဒေါ်လှလှ တက္ကသိုလ်ရိပ်သာလမ်းက ကျပ်သိန်း ၂၀၊ ဦးညွန့်-ဒေါ်တင်ကြည်မိသားစု ဦးဝိစာရအိမ်ရာ ဒဂုံမြို့နယ်က ဒုတိယအကြိမ် ကျပ်တစ်သိန်း၊ ဒေါက်တာလှအောင်-ဒေါက်တာမိုးမိုးသန်းက ကျပ်တစ်သိန်း၊ ဒေါ်ဥတ္တရထေရီ၊ ဒေါ်ပညာစာရီ၊ ဒေါ်ပုညဝတီညီမတစ်စုက ဒုတိယအကြိမ် ကျပ်တစ်သိန်း၊ ဒေါက်တာဇော်စိန်လွင်-ဒေါ်ခင်မမမိသားစု F.M.I City က အုတ်တံတိုင်းနှစ်ခန်းစာ ကျပ်တစ်သိန်းနှင့် ဒေါ်ညွန့်ညွန့်၊ ဒေါ်ကျင်မိ၊ ဒေါ်ဝင်းမြင့်၊ ဒေါ်ရီလေး၊ ဒေါ်ကျင်ရီ၊ ဒေါ်သန်းသန်း၊ ဒေါ်နွဲ့ရီ၊ ဒေါ်တင်အေး၊ ဒေါ်ခင်ကြည်၊ ဒေါ်ခင်မြင့်လှိုင်၊ ဒေါ်ခင်မြင့်ဆွေတို့က ကျောင်းအတွက် ကျပ်တစ်သိန်း လှူဒါန်းကြသည်။ လှူဒါန်းလိုသူများ ဇေယျဝတီ ဆရာတော် ဘဒ္ဒန္တ သောဘန(မဟာစရိယ B.A) ဖုန်း-၀၉-၅၁-၃၇၀၈၆၊ ၃၈၂၇၅၆၊ ၆၃၈၁၁၄၊ ၆၆၁၅၅၃ နှင့် ၇၂၆၅၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အကျိုးတော်ဆောင် အဖွဲ့က နှိုးဆော်ထားသည်။ (က-ပ)

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး စုပေါင်းသွေးလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၉

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ပဉ္စမအကြိမ်မြောက် ဝါတွင်းစုပေါင်း သွေးလှူဒါန်းပွဲကို ဇူလိုင် ၉ရက်(ဝါဆိုလပြည့်နေ့) နံနက် ၉နာရီမှ မွန်းလွဲ ၁နာရီအထိ ကျင်းပမည်ဖြစ်သည်။

ယခင်နှစ်များကအတိုင်း ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေကြသော သွေးလိုအပ်နေသည့် သံဃာတော်များ၊ သီလရှင်များအတွက် ရည်မှန်း၍ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက စုပေါင်းသွေးလှူဒါန်းကြမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် ဒုတိယဆေးရုံအုပ် (သံဃာ) ဖုန်း-၀၁-၅၅၇၇၃၄၊ ဒုတိယဆေးရုံအုပ်(သီလရှင်) ဖုန်း-၀၁-၅၄၂၇၀၆ နှင့် အုပ်ချုပ်ရေးမှူး ဖုန်း-၀၁-၅၄၁၇၉၅တို့သို့ ဇူလိုင် ၇ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၆-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရှင်လန်းယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၁၅ ၄။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ-Togo Vs Switzerland(Delay)
၆:၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၆။ နိုင်ငံတကာသတင်း
၆:၂၀ ၇။ မိုးလေဝသသတင်း
၆:၂၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၉။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြက်ခင်းစိမ်းနဲ့အိမ်ကလေး" အပိုင်း(၃၈)**
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၃။ ကျန်းမာသုတ
၁၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၅။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ-Ecuador Vs Germany (Delay)
၁၆။ သင့်အတွက်မနက်ဖြန်
၁၇။ အပိတ်နှုတ်ဆက်စကား
၁၈။ ပြီးပါပြီ

၂၁-၆-၀၆ ရက်
နံနက်ပိုင်း ၀၁:၃၀
FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ-Sweden Vs England (Live)

ဆေးတက္ကသိုလ်(မန္တလေး)ကျောင်းသား၊ ကျောင်းသူဟောင်းများ ဦးလှထွန်း ကင်ဆာဖောင်ဒေးရှင်းသို့ အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၁၉

၁၉၈၁-၈၆ ဆေးတက္ကသိုလ်(မန္တလေး)ကျောင်းသား၊ ကျောင်းသူ ဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲ အထိမ်းအမှတ်အဖြစ် ဦးလှထွန်း ကင်ဆာဖောင်ဒေးရှင်းသို့ အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇွန် ၁၀ရက် နံနက် ၁၀နာရီတွင် ပုသိမ်ကြီးမြို့နယ်ရှိ ဦးလှထွန်း ကင်ဆာဖောင်ဒေးရှင်း၌ ကျင်းပသည်။

အလှူငွေ ပေးအပ်လှူဒါန်းပွဲတွင် ၁၉၈၁-၈၆ ဆေးတက္ကသိုလ်(မန္တလေး) ကျောင်းသား၊ ကျောင်းသူ ဟောင်းများကိုယ်စား ဒေါက်တာ ဒေါ်မီမီထွေး (အေးသီရိ အထူးကုဆေးခန်း)က ဦးလှထွန်း ကင်ဆာဖောင်ဒေးရှင်း၌ ဆေးဝါးကုသမှု ခံယူနေကြသော လူနာများအတွက် ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဒေါ်ခင်အေးမြင့်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး လှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဆေးရုံအတွင်းရှိ လူနာများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

၁၉၈၁-၈၆ ဆေးတက္ကသိုလ် (မန္တလေး) ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ပထမအကြိမ် အာစရိယပူဇော်ပွဲ အထိမ်းအမှတ်အဖြစ် အေးရိပ်မွန်မိဘမဲ့ အမျိုးသမီးကျောင်းအတွက် ငွေကျပ်တစ်သိန်း၊ ကလေးဆေးရုံ(ကင်ဆာ)ဌာနအတွက် ငွေကျပ် ငါးသောင်း လှူဒါန်းခဲ့ကြကြောင်းနှင့် ဇပြီ ၃၀ရက်တွင်လည်း ဆေးတက္ကသိုလ်(မန္တလေး) စာကြည့်တိုက်သို့ ငွေကျပ်တစ်သိန်းနှင့် ရေသန့်စက်အတွက် ငွေကျပ်တစ်သိန်းတို့ကို လှူဒါန်းခဲ့ကြသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

၁၉၈၁-၈၆ ဆေးတက္ကသိုလ်(မန္တလေး)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲ အထိမ်းအမှတ်အဖြစ် ကျောင်းသား၊ ကျောင်းသူဟောင်းများကိုယ်စား ဒေါက်တာ ဒေါ်မီမီထွေးက ဦးလှထွန်း ကင်ဆာဖောင်ဒေးရှင်း၌ ဆေးဝါးကုသမှု ခံယူနေကြသော လူနာများအတွက် အလှူငွေ ကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပန်းအလှပြုပြင်မှု သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၉

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် အခြေခံပန်းအလှ ပြုပြင်မှုသင်တန်း အမှတ်စဉ်(၃/၂၀၀၆) ကို ဇူလိုင် ၁၀ရက်မှ ၁၅ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၄နာရီအတွင်း သင်တန်းသား၊ သင်တန်းသူ ၅၀ ဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ် ခန်းမဆောင်တွင် ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့်နိုင်ငံ့ဝန်ထမ်းများအတွက် တစ်ဦးလျှင် ကျပ် ၄၀၀၀စီ၊ ပြင်ပပုဂ္ဂိုလ်များအတွက် ကျပ် ၅၀၀၀ စီ သတ်မှတ်ထားရာတက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး ဖုန်းအမှတ်-၃၇၉၃၆၁သို့ ဆက်သွယ် တက်ရောက်နိုင်ကြောင်းသိရသည်။ (၄၅)

မိုးသီးနှံ စီမံကိန်း တာဝန်ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၉

ရေတာရှည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီတို့က ကြီးမှူးဆောင်ရွက်သည့် ၂၀၀၆-၂၀၀၇ ခုနှစ် မိုးသီးနှံ စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၅ရက် နံနက် ၁၀နာရီတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။ အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စီမံကိန်းဦးစီးဌာနနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စု ၅၈ အုပ်စုမှ ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင်ငြိမ်းက ကျေးရွာအုပ်စု တစ်ခုချင်းအလိုက် မိုးစပါးတိုးချဲ့စိုက်ဧကများနှင့် ကြက်ဆူစိုက်ပျိုးရေးစီမံကိန်း ရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

(သတင်းစဉ်)

✪ ရှေ့ဖုံးမှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် မန္တလေးဘက်ကမ်းမှ စစ်ကိုင်းဘက်ကမ်းသို့ ရေယာဉ်ဖြင့်ထွက်ခွာ၍ ရေလယ် ပင်မသံမဏိသံပေါင်ခုံးသုံးခု တပ်ဆင်ပြီးစီးမှုအခြေအနေနှင့် ရေလယ်တိုင်များအား ရေယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်တံတားပေါ်သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ခဲ့ပြီး ချဉ်းကပ်တံတားနောက်ဆုံးခန်း ကွန်ကရစ်ခင်းမှု၊ သံပေါင်ရက်မများနှင့် ကြမ်းခင်းကွန်ကရစ်များ ဆောင်ရွက်နေမှုနှင့် စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်လမ်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စစ်ကိုင်း-မုံရွာလမ်း အိုးကြီးလမ်းဆုံ၌ အဝိုင်းလမ်းဆုံပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးမြို့ မြို့ပတ်လမ်း တစ်လျှောက် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးဆောင်ရွက်မှုနှင့် လမ်းဘေး ဝဲ/ယာတို့တွင် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရောဝတီတံတား(ရတနာပုံ)တံတားသည် ပင်မတံတားအရှည် ၃၆၉၄ ပေရှည်ပြီး တံတားအရှည်မှာ ၅၆၁၄ပေဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၄၉ ပေ(လေးလမ်းသွား)ပါရှိသည်။ လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် ခြောက်ပေရှိပြီး တံတားအောက် ရေလမ်းကင်းလွတ်နယ် အကျယ်ပေ၇၀၀၊ အမြင့်ပေ ၄၀၊ ယာဉ်တစ်စီးချင်းခွင့်ပြု တန် ၆၀ ဖြစ်သည်။ ယခုအခါ တံတား သံပေါင်များတပ်ဆင်ပြီး၍ ကြမ်းခင်းရက်မနှင့် ကြမ်းခင်းကွန်ကရစ်ပြားများ ဆောင်ရွက်လျက်ရှိပြီး တံတား အမြန်တည်ဆောက်ပြီးစီးရေး အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တိုင်းပြည်အတွက် ရေရှည်အကျိုးရှိမည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်သည့် ဝန်ထမ်းများဖြစ်ရန် ကြိုးပမ်း

ရန်ကုန် ဇွန် ၁၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းရှိ ပြည်သူ့အင်အားဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့် တိုင်းဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေက တာဝန်ရှိသူများသည် မိမိတို့အား ပေးအပ်ထားသည့် တာဝန်များကို ကျေပွန်ရုံသာ ထမ်းဆောင်ခြင်းမျိုးမဟုတ်ဘဲ လုပ်ငန်းအတွေ့အကြုံများနှင့် ဆက်စပ်ပြီး တိုင်းပြည်အတွက် ရေရှည်အကျိုးရှိမည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်သည့် ဝန်ထမ်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းဦးစီးမှူးများက မိမိတို့၏ ပြည်နယ်နှင့် တိုင်းအလိုက် လုပ်ငန်းအခြေအနေများ၊ ဆောင်ရွက်ချက်များကို တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက်ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရောဝတီတံတား (ရတနာပုံ) တည်ဆောက်ပြီးစီးနေမှုအခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)

▶ အမေရိကန်နိုင်ငံခြားရေးမှ

မြန်မာနိုင်ငံကို မှားယွင်းစွာ အဆင့်ခွဲခြားသတ်မှတ်ချက်အပေါ်အခြေခံ၍ စီးပွားရေးပိတ်ဆို့ရန် အဆိုပြုဆောင်ရွက်ချက်သည် နိုင်ငံတကာကျင့်ဝတ်နှင့် ညီညွတ်မှုမရှိရုံမက နိုင်ငံတကာဥပဒေနှင့်လည်း ဝိရောဓိဖြစ်

တရားမျှတမှုမရှိစွာ ထပ်မံထည့်သွင်းထားခြင်းသည် စိတ်ပျက်ဖွယ်ရာ ဖြစ်သည်။

အစီရင်ခံစာ၏ အဆင့်ခွဲခြားချက်အရ မြန်မာနိုင်ငံကို မှားယွင်းစွာ အဆင့်ခွဲခြားသတ်မှတ်ချက်အပေါ်အခြေခံ၍ စီးပွားရေးပိတ်ဆို့မှုပြုလုပ်ရန် အဆိုပြုဆောင်ရွက်ချက်သည် နိုင်ငံတကာကျင့်ဝတ်နှင့် ညီညွတ်မှုမရှိရုံမျှမက နိုင်ငံတကာဥပဒေနှင့်လည်း ဝိရောဓိဖြစ်သည့်အပြင် နိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် လွတ်လပ်မှုကို စော်ကားမော်ကားပြုရာ ရောက်သည်။ သို့ပါ၍ မြန်မာနိုင်ငံအနေဖြင့် ယင်းသို့သောတရားမျှတမှု မရှိသည့် တစ်ဖက်သတ်ဆောင်ရွက်မှုကို ကန့်ကွက်သည်။

အစီရင်ခံစာတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ရေးသားဖော်ပြချက်သည် ဝိရောဓိဖြစ်နေသည်။ မြန်မာနိုင်ငံကို လူကုန်ကူးမှုတိုက်ဖျက်ရာတွင် အနိမ့်ဆုံးသတ်မှတ်ထားသည့်စံကိုပင် လိုက်နာရန်ပျက်ကွက်သည့်နိုင်ငံ၊ သိသာထင်ရှားသည့်ကြိုးပမ်းအားထုတ်မှု မပြုသည့်နိုင်ငံအဖြစ် စွပ်စွဲထားသော်လည်း လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်ပတ်သက်သည့် စွဲချက်တင်မှုအပိုင်း၊ အကာအကွယ်ပေးမှုအပိုင်းတို့အပြင် ကြိုတင်ကာကွယ်မှုအပိုင်းတို့တွင် မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုဖော်ပြထား ပြန်သည်။

အစီရင်ခံစာ၏ စွဲချက်တင်မှုအပိုင်းတွင် မြန်မာအစိုးရအနေဖြင့် ၂၀၀၅ခုနှစ် စက်တင်ဘာလအတွင်းက လိင်ကျွန်ပြုခြင်း၊ အတင်းအဓမ္မစေခိုင်းခြင်း၊ ကျွန်ပြုခြင်း၊ အစေခံပြုခြင်း၊ အကြွေးကြောင့် ကျွန်ပြုခြင်းများကိုပါ အာဏာသက်ရောက်မှုရှိသည့် လူကုန်ကူးမှုကာကွယ်တားဆီးရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ကြောင်း၊ ယင်းဥပဒေသည် လူကုန်ကူးမှုနှင့်ပတ်သက်၍ ပြည်တွင်းတွင်ရော၊ ပြည်ပတွင်ပါ အကျိုးသက်ရောက်မှုရှိကြောင်း၊ ဥပဒေအရ အနည်းဆုံးထောင်ဒဏ်(၁၀)နှစ်မှ တစ်သက်တစ်ကျွန်းအထိ အပြစ်ပေးစီရင်နိုင်ကြောင်း၊ လိင်ကျွန်ပြုခြင်းနှင့် လုပ်အားခေါင်းပုံဖြတ်ခြင်းတို့နှင့် ပတ်သက်၍ လည်း တူညီသောပြစ်ဒဏ်ချမှတ်နိုင်ကြောင်း၊ ၂၀၀၅ ခုနှစ်အတွင်း မြန်မာအစိုးရအနေဖြင့် ဥပဒေသစ်အရ အမှုပေါင်း ၂၀၃မှုကို စစ်ဆေးခဲ့ရာ လူကုန်ကူးသူ ၄၂၆ဦးတို့အား စွဲချက်တင်နိုင်ခဲ့ပြီး ၈၄၄ ဦးတို့အား ကယ်တင်နိုင်ခဲ့ကြောင်း၊ ယင်းတို့အနက် အရေအတွက်တိကျစွာ ဖော်ပြနိုင်ခြင်းမရှိသော အချို့အမှုများမှာ အလွန်ဆိုးရွားသည့် လူကုန်ကူးမှုပုံစံမျိုးကို ကျူးလွန်ကြောင်း စသည်ဖြင့် အသိအမှတ်ပြု ဖော်ပြထားသည့်အပြင် အစီရင်ခံသည့်ကာလအတွင်း အစိုးရအနေဖြင့် ရန်ကုန်မြို့နှင့် နယ်စပ်မြို့များရှိ လူကုန်ကူးမှုကို မျက်ခြည်မပြတ်စောင့်ကြည့်သည့် လူကုန်ကူးမှု တိုက်ဖျက်ရေးဌာန၌ ရဲအရာရှိမှုလအရေအတွက် ၄၀မှ ၆၅ဦးသို့ တိုးမြှင့်ခန့်ထား တာဝန်ပေးအပ်ကြောင်းကိုလည်း အသိအမှတ်ပြု ဖော်ပြထားသည်။

အစီရင်ခံစာ၏ အကာအကွယ်ပေးမှုအပိုင်းတွင် မြန်မာအစိုးရက လူကုန်ကူးခြင်းခံရသူများ ပြန်လည်ပေါင်းစည်းရေး အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးကြောင်း၊ ဗဟိုရဲသင်တန်းတက္ကသိုလ်၌ လူကုန်ကူးမှုနှင့် ပတ်သက်၍ သင်ရိုးဘာသာရပ်တစ်ခုအဖြစ် ထည့်သွင်းပို့ချကြောင်း၊ လူကုန်ကူးခြင်းခံရသူများအား အကာအကွယ်ပေးမှုကဏ္ဍတွင် မြန်မာ-ထိုင်းနယ်စပ်၌ ထူထောင်ထားသည့် နေရပ်ပြန်ပို့ရေးစခန်းဆောင်ရွက်ချက်အပါအဝင် အစိုးရအနေဖြင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းတို့နှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်မှုများကို အသိအမှတ်ပြုဖော်ပြထားသော်လည်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများအပေါ် ကန့်သတ်ချက်၊ တားမြစ်ချက်များ ထားရှိသည်ဟု စွပ်စွဲဝေဖန်ထားသည်။

အစီရင်ခံစာ၏ ကြိုတင်ကာကွယ်မှုအပိုင်းတွင် လိင်ကျွန်ပြုရန် ရည်ရွယ်ချက်ဖြင့် လူကုန်ကူးမှုပြုလုပ်ခြင်းကို အကာအကွယ်ပေးရန်အတွက် နယ်စပ်ဒေသများ၌ အစိုးရက ကမကထပြုသည့် ယင်းအန္တရာယ်များနှင့် ပတ်သက်၍ အုပ်စုလိုက် ဆွေးနွေးပွဲပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ သတင်းအစီအစဉ်များအပါအဝင် အသိပညာပေးမှုအစီအစဉ်များ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အသစ်ထုတ်ပြန်သည့် လူကုန်ကူးမှု ကာကွယ်တားဆီးရေး ဥပဒေနှင့်အညီ တရားဥပဒေထိန်းသိမ်းရေးအရာရှိများအား သင်တန်းပို့ချခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်းနှင့် လိင်ကျွန်ပြုခြင်းအန္တရာယ် အသိပညာပေးသည့် အလုပ်ရုံဆွေးနွေးပွဲများကို အမျိုးသားအဆင့်နှင့် ဒေသအဆင့်တို့တွင် ပြုလုပ်လျက်ရှိကြောင်းဖြင့် အစိုးရ၏ ဆောင်ရွက်ချက်များကို အသိအမှတ်ပြု ဖော်ပြသော်လည်း လူကုန်ကူးမှု တားဆီးရန် ကြိုးပမ်းဆောင်ရွက်မှုများသည် လုံလောက်မှု မရှိသေးကြောင်း စွပ်စွဲဝေဖန်ထားသည်။

မြန်မာနိုင်ငံအနေဖြင့် ဆိုးရွားသော ရာဇဝတ်မှုတစ်ခုဖြစ်သည့် လူကုန်ကူးခြင်းကို တိုက်ဖျက်ရန် သန္နိဋ္ဌာန်ချမှတ်၍ အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိပြီး လူကုန်ကူးမှု တိုက်ဖျက်ရေးကိစ္စတွင် သိသာထင်ရှားသည့် အောင်မြင်မှုရလဒ်များရရှိနေသော်လည်း အမေရိကန်နိုင်ငံခြားရေး ဌာနက အမေရိကန်ကွန်ဂရက်၏ လူကုန်ကူးခံရသူများကာကွယ်မှု အက်ဥပဒေနှင့် ညီညွတ်မှုမရှိသည့်နိုင်ငံများအနက် မြန်မာနိုင်ငံကို အဆင့်နိမ့်ဖြစ်သည့် အဆင့်(၃)တွင်သာ ဆက်လက်သတ်မှတ်ထားရှိခြင်းကို လုံးဝ ပယ်ချသည်။

မည်သို့ပင်ဖြစ်စေ မြန်မာအစိုးရအနေဖြင့် မြန်မာပြည်သူပြည်သားများ အတွက် သာလွန်ကောင်းမွန်သည့် အနာဂတ်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဆုတ်မနစ် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်သာဖြစ်သည်။ အလားတူပင် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို မျက်ကွယ်ပြုကာ ဆန့်ကျင်ဘက်အမြင်များဖြင့် တုံ့ပြန်မှုများ မည်သို့ပင် ရှိနေစေကာမူ လူကုန်ကူးမှုကာကွယ်တိုက်ဖျက်ရေး ဆောင်ရွက်ချက်များကို အစွမ်းကုန်ကြိုးပမ်း အားထုတ်သွားမည်သာ ဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်
၂၀၀၆ခုနှစ်၊ ဇွန်လ (၁၉)ရက်

❀ **ရခိုင်ပြည်နယ်မှ**

နွေးထွေးစွာ ကြိုဆို၍ ပြုစုစောင့်ရှောက်ကုသပေးရေး၊ ဆေးရုံတိုးတက်ရေးအတွက် လိုအပ်ချက်များကို ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားပြီး မြို့နယ်ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် နှစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာနိုင်လင်းဗိုလ်က လက်ခံသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ ရသေ့တောင်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိ၍ ဂိုးလ်ယူနီကုမ္ပဏီလီမိတက်က ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဂိုးလ်ယူနီကုမ္ပဏီလီမိတက်မှ ဦးစံမြတ်ချိုက ကျောင်းဆောင်သစ်ဆိုင်ရာ အချက်အလက်များကို လည်းကောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးတင်က သင်ကြားမှု၊ သင်ယူမှုဆိုင်ရာများ၊ ကျောင်းသားဦးရေနှင့် အောင်ချက်ရာခိုင်နှုန်း အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားကာ ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား ၂၂၂ ပေ၊ အနံ ၇၈ ပေနှင့် အမြင့် ၁၂ ပေရှိ၍ စာသင်ခန်း ၁၈ ခန်းတို့ ပါဝင်ပြီး မကြာမီဖွင့်လှစ်ရန် စီစဉ်လျက်ရှိသည်။ ကျောင်းဆောင်သစ် ဖွင့်လှစ်ပြီးပါက မူလသင်ကြားနေသည့် အခြေခံပညာအလယ်တန်းနှင့် အခြေခံပညာအထက်တန်းအဆင့်တို့အပြင် မူလတန်းအဆင့်ကိုပါ တိုးချဲ့သင်ကြားပေးမည်ဖြစ်သည်။

တွေ့ဆုံမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ ရသေ့တောင်မြို့ရှိ နယ်မြေခံတပ်ရင်း အစည်းအဝေးခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားပြီး အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ ရသေ့တောင်မြို့နယ် မေယုခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံ ပြည်သူများအား တွေ့ဆုံသည်။

ရှေးဦးစွာ ရသေ့တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သန်းက မြို့နယ်၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရသေ့တောင်မြို့နယ် မေယုခန်းမတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ရခိုင်ပြည်နယ်အတွင်း ယခုနှစ်တွင် မိုးစပါးကိုဧက ၁၂ သိန်းအထိ တိုးတက်စိုက်ပျိုးရန် စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိသဖြင့် ရသေ့တောင်မြို့နယ်အနေဖြင့် ဒေသဆန် ဖူလုံပိုလျှံမှုရှိသော်လည်း နွေစပါး၊ မိုးစပါးကို ပိုမိုတိုးတက်စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံအပါအဝင် သီးထပ်စွမ်းအားပိုမိုတိုးတက်အောင် မိုးစပါးကို စောစောစိုက်၊ စောစောရိတ်ရန်လိုကြောင်း၊ စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာကို မေယုတောင်တန်းနှင့် ဇီဝဒီဇယ် ထုတ်လုပ်နိုင်သည့် ကြက်ဆူပင်ကိုလည်း တိုးချဲ့စိုက်ပျိုးရန်လိုကြောင်း၊ မွေးမြူရေးအနေဖြင့် ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းကို တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည့်အပြင် ပုစွန်မွေးမြူရေးနှင့် ဒေသကြက်မွေးမြူရေးကိုလည်း စနစ်တကျ ဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရသေ့တောင်မြို့မှ မလိခ အမြန်ရေယာဉ်ဖြင့် စစ်တွေမြို့သို့ ရောက်ရှိကြပြီး ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

ညောင်ကန်အေး ရွှေပြည်သာ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇွန် ၁၉

ရန်ကုန်မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ ညောင်ကန်အေး ရွှေပြည်သာ သာသနာ့ရိပ်သာ (၁၃) ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ရိပ်သာပဓာနနာယက ဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအာစိဏ္ဏ(ရွှေဘို)ကို အမှူးထား၍ ဇူလိုင် ၈ ရက်၊ ဝါဆိုလဆန်း ၁၄ရက် (စနေနေ့) နံနက် ၇ နာရီမှ စ၍ အဆိုပါ ရိပ်သာ၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ အချိန်မီ ကြွရောက်ရန်နှင့် သင်္ကန်းဒွိစုံ တစ်စုံ ကျပ် ၂၀၀၀၊ ငွေပဒေသာပင်တစ်ပင် ကျပ် ၁၀၀၀၊ ဆွမ်းစရိတ် တစ်ပါး ကျပ် ၅၀၀နှင့် ထီး၊ ဖိနပ်၊ ဆေးဝါး ကျပ် ၁၀၀၀ ဖြင့် လှူဒါန်းလိုသူများသည် ရိပ်သာဝေယျာဝစ္စ ဖုန်း-၆၁၀၃၆၃ နှင့် အကျိုးဆောင် ဦးတင်ငွေ ဖုန်း- ၆၁၀၉၄၇၊ ဦးတင်ဝင်း ဖုန်း-၆၁၁၁၄၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားသည်။ (က-ပ)

✱ **ကျောဖုံးမှ**

လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် အထူးဖိတ်ကြားထားသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ရှေးဦးစွာ မြန်မာကွန်ဗင်းရှင်းစင်တာ မုခ်ဦးရှိ မြေညီထပ်၌ အကြိုခင်းကျင်း ပြသထားသော အရည်အသွေးမီ ကျောက်စိမ်းအရည်ကျောက် ကျောက်စိမ်းအရိုင်းတုံးများကိုလည်းကောင်း၊ ပထမထပ်တွင် ခင်းကျင်းပြသထားသော ပုဂ္ဂလိက ကျောက်ကပ်ပန်းချီဆိုင်များနှင့် ကျောက်စိမ်းအချောထည်ဆိုင်များကိုလည်းကောင်း၊ မြေညီထပ်ရှိ ပုဂ္ဂလိက ကျောက်စိမ်းအတွဲများကိုလည်းကောင်း၊ မြန်မာကွန်ဗင်းရှင်းစင်တာ အဆောက်အအုံ ပတ်ဝန်းကျင်ရှိ မြေကွက်လပ်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအထည်ကျောက် အရိုင်းတုံးများနှင့် အသားကျောက် အရိုင်းတုံး အတွဲများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးရာ ပြပွဲဗဟိုကော်မတီ နာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်နှင့် ဗဟိုကော်မတီဝင်များက ရှင်းလင်းပြသကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ကျောက်မျက်ရတနာခန်းမနှင့် ပထမထပ်၌ အကြိုခင်းကျင်းပြသထားသော ကျောက်မျက်နှင့် ပုလဲအတွဲများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ကျောက်မျက် ရတနာခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ကျောင်းချိန်များတွင် မော်တော်ယာဉ်များ အပြည့်အဝပြေးဆွဲ တစ်နာရီ မိုင် ၂၀ ထက် ပိုမမောင်းအောင် ကြပ်မတ်စစ်ဆေး

ရန်ကုန် ဇွန် ၁၉

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၆ ရက် ညနေ ၅ နာရီခွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းက ကျောင်းချိန်များတွင် တက္ကသိုလ် ကြို/ပို့ယာဉ်များသာမက ယာဉ်လိုင်းများကလည်း မော်တော်ယာဉ်များ အပြည့်အဝပြေးဆွဲကြရန်၊ တက္ကသိုလ် ကြို/ပို့ယာဉ်များ သတ်မှတ်စည်းကမ်းများနှင့် ပြေးဆွဲကြရေး စနစ်တကျ ကြပ်မတ်ထိန်းသိမ်းကြရန်နှင့် ယာဉ်မောင်းများ တစ်နာရီ မိုင် ၂၀ထက် ပိုမိုမောင်းနှင်မှု မပြုအောင် ယာဉ်လိုင်းတာဝန်ခံများက ကြပ်မတ်စစ်ဆေးကြရန် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ ဌာနမှူးများ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ယာဉ်လိုင်း ဥက္ကဋ္ဌများက တက္ကသိုလ်ကြို/ပို့ယာဉ်များဆိုင်ရာ ကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားပြည်သူများအား အန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် မော်တော်ယာဉ်များအား စီအင်န်ဂျီ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအင်ဂျင်နီယာဌာန ဒလသင်္ဘောကျင်း၏ စီမံကိန်းလုပ်ငန်း တာဝန်ပေးအပ်

ရန်ကုန် ဇွန် ၁၉

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အင်ဂျင်နီယာဌာန ဒလသင်္ဘောကျင်း၏ ၂၀၀၆-၂၀၀၇ ခုနှစ်အတွက် စီမံကိန်းလုပ်ငန်းတာဝန် ပေးအပ်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ဒလမြို့နယ် ဒလသင်္ဘောကျင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က စီမံကိန်းလုပ်ငန်းတာဝန်ပေးအပ်ခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် ဒလသင်္ဘောကျင်း အင်ဂျင်နီယာမှူးကြီး ဦးစိုးမြင့်က ရေယာဉ်ပြင်ဌာနစုများသို့ စီမံကိန်းလုပ်ငန်းတာဝန်များ ပေးအပ်ရာ သက်ဆိုင်ရာဌာနစု အင်ဂျင်နီယာများက လက်ခံရယူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူးသည် ဒလသင်္ဘောကျင်း၌ အသစ်တည်ဆောက် ပြီးစီးသွားသော CNC (Computer Numerical Control)စက်ရုံတွင် CNC Plasma Cuting Machine, CNC Lathe Machine, CNC Milling Machine, CNC Gear Cutting Machineများ အသုံးပြုနိုင်မှု အခြေအနေများနှင့် သင်္ဘောကျင်းတွင် လွန်းတင်ပြင်ဆင်နေသော ရေယာဉ်များကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)



တရုတ်နိုင်ငံမြို့တော် ပေကျင်းရှိ သစ်သီးဝလံ ရောင်းချသော ဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

● **အာဆီယံမှ**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့တော်နန်နင်းမှ သစ်သီးဝလံဈေးကွက်လေ့လာသူတစ်ဦးက ပြောကြားသည်။

တရုတ်နိုင်ငံ တောင်ပိုင်းရှိ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် လက်ကားရောင်းချရာ ဈေးများတွင် ဒူးရင်းသီး၊ မင်းဂွတ်သီး၊ ရှောက်သီးနှင့် ကမ္ဘာ့အပူပိုင်းဒေသထွက် ဟင်းသီးဟင်းရွက်များ ရာသီမရွေး ရောင်းချနိုင်ခြင်းမှာ တရုတ်နှင့် အာဆီယံ အပြန်အလှန် ကုန်သွယ်မှုလုပ်ငန်းများ မြင့်မားတိုးတက်လာမှု၏ ပြယုဂ်တစ်ခုဖြစ်သည်။

တရုတ်နိုင်ငံသည် အာဆီယံနိုင်ငံများမှ ထွက်ကုန်ပစ္စည်းများကို ဦးစားပေးဝယ်ယူတင်သွင်းရန် အစီအစဉ်ချမှတ်ထားရာ ဒေသတွင်း၌ ကုန်စည်စီးဆင်းမှု ပိုမိုသွက်လက်စေသည်။ **အင်တာနက်**

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀-၆-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ အဂ္ဂမဟာရဋ္ဌဂုရု၊ အဘိဓဇ မဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၅ ၈။ အကပြိုင်ပွဲ
- ၈:၂၀ ၉။ တံတားအလှပန်းလောင်
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ Let’s Go.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၅:၁၀ ၆။ ခံစားနားဆင်တေးဓာတ်ဝင်
- ၅:၂၀ ၇။ **“သတိနဲ့ယှဉ်အသိနဲ့ပြင်” (အပိုင်း-၁) (ဝါးခယ်မရဲမောင်၊ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ-မင်းအုပ်စိုး)**
- ၅:၃၀ ၈။ ဆိုကြမယ်၊ပျော်ကြမယ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၆:၅၀ ၁၂။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၇:၀၀ ၁၃။ ဖွံ့ဖြိုးမှုစုံစုံလင် စံပြကျေးရွာမင်းတိုင်ပင်
- ၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ဇူလိုင်နံနက်ခင်း” (အပိုင်း-၂)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သူ့အိပ်မက်လှလှ” (အပိုင်း-၄)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

ဝန်ကြီး ဦးအောင်သောင်း နတ်မှာထုံးကျောက်တောင် ကြည့်ရှုစစ်ဆေး
အရည်အသွေးကောင်းသောထုံးကျောက်သိုက်ဖြစ်၍ ဘိလပ်မြေစက်ရုံဆောက်ရန်သင့်လျော်

နေပြည်တော် ဇွန် ၁၉

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက် ၈ နာရီတွင် မန္တလေးတိုင်း တပ်ကုန်းမြို့မှ ၁၆မိုင်အကွာရှိ ဘိလပ်မြေစက်ရုံစီမံကိန်း(တပ်ကုန်း)သို့ ရောက်ရှိပြီး နတ်မှာထုံးကျောက်တောင်ကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ကျွေထည် မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက ထုံးကျောက်ကြွယ်ဝသော နတ်မှာတောင်၏ အခြေအနေများ၊ နတ်မှာတောင်ရှိ ထုံးကျောက်၏ စံချိန်စံညွှန်းအခြေအနေများကို မြေပုံဖြတ်ပိုင်းပုံများဖြင့် ရှင်းလင်းတင်ပြသည်။

နတ်မှာထုံးကျောက်တောင်

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်း တပ်ကုန်းမြို့မှ ၁၆မိုင်အကွာရှိ ဘိလပ်မြေစက်ရုံ စီမံကိန်း (တပ်ကုန်း) ၏နတ်မှာထုံးကျောက်တောင်ကိုကြည့်ရှုစဉ်။(စက်မှု-၁)

မှာကြား

ထို့နောက် ယာယီရှင်းလင်းဆောင်၌ သတ္တုတွင်းဝန်ကြီးဌာန ဘူမိဗေဒ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးသီဟက ဘူမိဗေဒ စူးစမ်းလေ့လာမှုမှ တွေ့ရှိရသော နတ်မှာထုံးကျောက်တောင်၏ အခြေအနေများကို ဖြတ်ပိုင်းပုံ နမူနာမြေပုံများဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဘူမိဗေဒစူးစမ်းရှာဖွေမှုများ ဆက်လက်ဆောင်ရွက်ရေး၊ ထုံးကျောက်များ သယ်ယူရန် အစီအမံရေးဆွဲရေးအပြင် ကုန်ထုတ်လမ်းများ ဖောက်လုပ်ရေးကိစ္စများကို မှာကြားသည်။

ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက နတ်မှာထုံးကျောက်တောင်အနေအထားပြ ဓာတ်ပုံများဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကိုးကွေ့ချောင်းအနီး စက်ရုံတည်ဆောက်မည့် ဒုတိယမြေနေရာသို့ ရောက်ရှိပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ရှာဖွေတွေ့ရှိ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ မန္တလေးတိုင်း တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်အရှေ့ခြမ်းဒေသတွင် ဘိလပ်မြေစက်ရုံတစ်ရုံ တည်ဆောက်ရန်အတွက် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကျွေထည်မြေထည်လုပ်ငန်းမှ ဘူမိဗေဒကွင်းဆင်းရှာဖွေရေးအဖွဲ့သည် ထုံးကျောက်သိုက်များကို ကွင်းဆင်းရှာဖွေခဲ့ရာ ထုံးကျောက်သိုက်ခြောက်ခုကို ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါ ထုံးကျောက်သိုက်ခြောက်ခုအနက် မန္တလေးတိုင်း တပ်ကုန်းမြို့ အရှေ့မြောက်ဘက်ရှိ နတ်မှာ ထုံးကျောက်တောင်သည် ဘိလပ်မြေပြုလုပ်ရန်အတွက် ကယ်လ်စီယံအောက်ဆိုဒ် (CaO) ပါဝင်မှုရာခိုင်နှုန်းလိုအပ်ချက်ပြည့်မီပြီး အရည်အသွေးကောင်းမွန်သော ထုံးကျောက်သိုက်ဖြစ်ကြောင်း ဘူမိဗေဒ စူးစမ်းချက်များအရ သိရှိရသည်။ သို့ဖြစ်၍ ယင်းနေရာ၌ ဘိလပ်မြေစက်ရုံသစ်တည်ဆောက်ရန် သင့်လျော်ဆုံးဖြစ်ကြောင်းသိရှိရသည်။

ဝန်ကြီးသည် နံနက် ၁၀ နာရီတွင် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆေးဝါးစက်ရုံစီမံကိန်း (တပ်ကုန်း)သို့ ထပ်မံရောက်ရှိပြီး စီမံကိန်းမြေဧရိယာ ၁၆၅၂ ဒသမ ၈၈ ဧကရှိ စက်ရုံတည်ဆောက်မည့် မြေအနေအထားကို မြေပုံဖြင့်တိုက်ဆိုင်စစ်ဆေးရာ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေက စီမံကိန်းအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက စက်ရုံစီမံကိန်းလုပ်ငန်း အကောင်အထည် ဖော်ဆောင်ရာ၌ လယ်ယာမြေများနှင့် လွတ်ကင်းသည့်နေရာကို ရွေးချယ်တည်ဆောက်သွားရေး မှာကြားသည်။

ဝန်ကြီးသည် ယနေ့နံနက် ၆နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန သင်တန်းခန်းမဆောင်၌ကျင်းပသော ရုံးသုံးကွန်ပျူတာ အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၀၆) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီးအမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ဖြစ်သည်။

(သတင်းစဉ်)

ဇမ္ဗူထိန်လင်းကျောင်းတိုက် တရားပွဲ

ရန်ကုန် ဇွန် ၁၉

ရန်ကုန်တိုင်း လှည်းကူးမြို့ ရိပ်သာရပ်ကွက် ရွှေဘုန်းပွင့်ဘုရားလမ်း ထေရဝါဒဗုဒ္ဓသာသနာပြု ဇမ္ဗူထိန်လင်းကျောင်းတိုက် မဟာသစ္စာအောင်မြေ ဓမ္မဗိမာန်တော်တွင် ဝါတွင်း၊ ဝါပ သီလပေးအနုမောဒနာတရား၊ ဝိပဿနာအလုပ်ပေးတရား၊ သစ္စာတရားများကို ဇမ္ဗူထိန်လင်းဆရာတော် ဘဒ္ဒန္တ ပညာနန္ဒ (စာချဓမ္မကထိက) ဗုဒ္ဓယဉ်ကျေးမှု နယ်စပ်-တောင်တန်း-ပခန်းဒေသ မြတ်ဗုဒ္ဓသာသနာပြု၊ မိုးကုတ်ဝိပဿနာ နယ်လှည့်သာသနာပြု ဓမ္မကထိက အရှင်သူမြတ်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့်သစ္စာလေးပါး နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

အာဆီယံ အဆင့်မြင့်စီးပွားရေးအရာရှိများ အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၁၉

အာဆီယံ အဆင့်မြင့်စီးပွားရေးအရာရှိများ၏ (၃/၃၇)ကြိမ်အစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်စီးပွားရေးအရာရှိများ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးရုံးမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအသီးသီးမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ အဆင့်မြင့်စီးပွားရေး အရာရှိက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံစီးပွားရေးအသိုက်အဝန်း အကောင်အထည်ဖော်မှု အရှိန်အဟုန်မြှင့်တင်ရေးကိစ္စ၊ အာဆီယံ၏ ဦးစားပေးကဏ္ဍများပေါင်းစည်းမှုကိစ္စ၊ အာဆီယံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ညှိနှိုင်းမှုကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့၏ ညှိနှိုင်းမှုကိစ္စ၊ အာဆီယံနှင့် ဆွေးနွေးဘက်နိုင်ငံများအကြား လွတ်လပ်သော ကုန်သွယ်မှုဒေသ ဖော်ဆောင်ရန်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိစ္စ၊ အာဆီယံစီးပွားရေးဝန်ကြီးများ၏ (၃၈)ကြိမ်မြောက် အစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကျင်းပရန်အတွက် ကြိုတင်ပြင်ဆင်မှုကိစ္စတို့ကို ဆွေးနွေးညှိနှိုင်းကြသည်။

ယင်းအစည်းအဝေးကို ဇွန် ၂၁ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ကူးစက်ရောဂါ သိကောင်းစရာဟောပြော

ရန်ကုန် ဇွန် ၁၉

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်း ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲမှ ကြီးမှူးကျင်းပသော ကူးစက်ရောဂါအကြောင်းသိကောင်းစရာဟောပြောပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီက သဃ်န်းကျွန်းမြို့နယ်ခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ရှေးဦးစွာ ခရိုင်အမျိုးသမီးရေးရာဌာနအဖွဲ့ နာယက ဒေါ်နန်းရွှေယဉ်က အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန တိုင်းကျန်းမာရေးပညာအရာရှိ ဦးသိန်းစိုးက ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကာကွယ်ရေးဆိုင်ရာများ အသိပညာပေးဟောပြောပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ တာဝန်ခံ ဒေါက်တာဒေါ်အေးအေးမူက တီဘီရောဂါကာကွယ်ရေးဆိုင်ရာများ ဟောပြောကြသည်။

ယင်းနောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းငွေးထံသို့ သဃ်န်းကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုမာသိန်းက အဖွဲ့ဝင် အဆိုပြုလွှာများပေးအပ်သည်။

အဆိုပါဟောပြောပွဲအခမ်းအနားများသို့ အင်အား ၁၅၀ တက်ရောက်ကြသည်။ (၅၀၆)

လက်ခံရယူ

မုဒုံမြို့ရှိ မေတ္တာကာရီ နာရေးကူညီမှုအသင်းအတွက် ဇွန် ၅ရက်က ကွယ်လွန်သူ (ဦးစံမွေး)-ဒေါ်ခင်ကြည် မိသားစုက ငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းရာ မေတ္တာကာရီ နာရေးကူညီမှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်နီ လက်ခံရယူစဉ်။

(မြို့နယ်ပြန်/ဆက်)

၂၀၀၆ ခုနှစ် ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့

မြန်မာ့လူ့ဘောင် ဖွံ့ဖြိုးအောင် စွမ်းဆောင်ကြစို့ မြန်မာအမျိုးသမီးတို့

အမျိုးသားအဆင့်ဇီဝလုံခြုံမှု မူဘောင်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်

ရန်ကုန် ဇွန် ၁၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော Development of National Biosafety Framework Project **၏ အမျိုးသားအဆင့် ဇီဝလုံခြုံမှု မူဘောင်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံခန်းမ၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အမျိုးသားအဆင့် ဇီဝလုံခြုံမှု မူဘောင်ရေးဆွဲရေးလုပ်ငန်းစီမံကိန်း၏ အမျိုးသား ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့်ပုဂ္ဂိုလ်များတက်ရောက်ကြသည်။**

ခြေလှမ်းသစ်တစ်ရပ်

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပမည့် အလုပ်ရုံဆွေးနွေးပွဲသည် ဇီဝမျိုးကွဲ၊ မျိုးစုံနှင့် ပြည်သူလူထု၏ ကျန်းမာရေးကို မထိခိုက်စေလျက် ဇီဝနည်းပညာကို အသုံးပြုပြီး ဇီဝထုတ်လုပ်မှု တိုးမြင့်စေရေးလုပ်ငန်းအတွက် ခိုင်မာသည့် ခြေလှမ်းသစ်တစ်ရပ် ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဇီဝနည်းပညာဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲသုံးခုကို အောင်မြင်စွာ ကျင်းပခဲ့ပြီး ဖြစ်ကြောင်း၊ ယခု အကြိမ်သည် မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားသည့် ဇီဝလုံခြုံမှုနှင့် သက်ဆိုင်သော ကာတာဂျီးနားသဘောတူညီချက်နှင့် ဆက်စပ်ပြီး ဆောင်ရွက်သည့် စတုတ္ထအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲဖြစ်ကြောင်း။

အထောက်အကူဖြစ်စေနိုင်

ကာတာဂျီးနား သဘောတူညီချက်သည် ဗီဇပြုပြင်သက်ရှိများ နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုအပေါ် ထိန်းကွပ်ရေး၊ ဇီဝမျိုးစုံ မပျောက်ကွယ်ရအောင် ထိန်းသိမ်းရေးနှင့် လူသားတို့ ကျန်မာရေးအပေါ် မထိခိုက်စေရေးကို အလေးပေးဆောင်ရွက်သည့် လုပ်ငန်းဖြစ်ကြောင်း၊ ယနေ့ ကျင်းပသော အလုပ်ရုံ ဆွေးနွေးပွဲကနေပြီးတော့ ပေါ်ထွက်လာမည့် ရလဒ်များသည် “ကာတာဂျီးနား” သဘောတူညီချက်ပါ ဇီဝလုံခြုံမှု လုပ်ငန်းအတွက် အထောက်အကူ ဖြစ်လာနိုင်မယ်လို့ ယုံကြည်ကြောင်း။

စိန်ခေါ်မှုတစ်ရပ်

မြန်မာနိုင်ငံသည် ၁၉၇၀ ပြည့်နှစ်လွန် ကာလများက အထွက်ကောင်းမျိုးများ၊ ဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးများကို အသုံးပြုပြီး မြစိမ်းရောင်တော်လှန်ရေးကို အောင်မြင်စွာ ဆင်နွှဲခဲ့ကြောင်း၊ ယင်းလုပ်ငန်း၏ အကျိုးရလဒ်အနေနှင့် မြန်မာနိုင်ငံသည် ယနေ့အချိန်အထိ ရိက္ခာဖူလုံရုံမျှမက ပြည်ပကို အဓိက ရိက္ခာတင်ပို့သည့် နိုင်ငံတစ်နိုင်ငံအဖြစ်တည်ရှိနေခြင်းကို တွေ့မြင်ရမှာဖြစ်ကြောင်း၊ ယနေ့ဆိုလျှင် မိမိတို့အနေနှင့် ဗီဇတော်လှန်ရေးဆိုသည့် စိန်ခေါ်မှုတစ်ရပ်ကို ရင်ဆိုင်ကြုံတွေ့နေရပြီး ဗီဇတော်လှန်ရေး လှိုင်းကြီး၌ တိုင်းပြည်၏ ရေရှည်အကျိုးစီးပွားအတွက် အလိုက်သင့် လိုက်ပါစီးနင်းသွားနိုင်ရန် ပြင်ဆင်ထားရန် လိုအပ်ကြောင်း။

ယနေ့ ကျင်းပသည့် အလုပ်ရုံ ဆွေးနွေးပွဲအနေနှင့် အမျိုးသား ဇီဝလုံခြုံမှု မူဘောင်တစ်ခု ပေါ်ထွက်လာစေရေး အထောက်အကူ ပြုရုံမျှမက ပြည်သူလူထု၏ အာရုံစူးစိုက်မှုရရှိရေးအတွက်လည်း အကျိုးဖြစ်ထွန်းစေလိမ့်မည်ဟု မျှော်လင့် ယုံကြည်ကြောင်း၊ ဤနေရာမှာ တစ်ပါတည်း ပြောကြားလိုသည်မှာ မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးမှုမှာ အရေးပါသော ပုဂ္ဂလိကကဏ္ဍမှ ပါဝင်တက်ရောက်ကြသည့် ပုဂ္ဂိုလ်များကို ကျေးဇူးတင်ကြောင်း၊ အဆိုပါ ပုဂ္ဂိုလ်များ၏ ပါဝင်ကူညီမှုနှင့် နားလည်သဘောပေါက်မှုသာ မပါခဲ့လျှင် အမျိုးသား ဇီဝလုံခြုံမှု မူဘောင်ကို လက်တွေ့အသုံးချရာမှာ ထိရောက်မှု လျော့နည်းမှာ ဖြစ်ကြောင်း။

ဗီဇတော်လှန်ရေးသို့မဟုတ် ဇီဝနည်းပညာသည် နိုင်ငံအသီးသီး၌ အရှိန်အဟုန်ဖြင့် တိုးတက် ဖြစ်ထွန်းလျက်ရှိကြောင်း၊ မိမိတို့အနေနှင့်လည်း မိမိတို့၏ အမျိုးသား အကျိုးစီးပွားအတွက် အတတ်ပညာ စွမ်းအားကို မြှင့်တင်နေသည့်လုပ်ရပ်သည် စည်းမျဉ်းဥပဒေများ ချမှတ်ပြီး ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း။

မိမိအနေဖြင့် ကုလသမဂ္ဂ အဖွဲ့အစည်းများအပါအဝင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်စပ်ပြီး အပြည်ပြည်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတင်းအချက်အလက်များကို အပြန်အလှန် ဖလှယ်သွားရမှာ ဖြစ်ကြောင်း။

ယနေ့ကျင်းပသည့် အလုပ်ရုံ ဆွေးနွေးပွဲကနေ ပြီးပြည့်စုံသည့် ဇီဝလုံခြုံမှု မူဘောင်တစ်ရပ် ပေါ်ပေါက်လာရေးအတွက် အကြံပြုချက်များ၊ ထင်မြင်ယူဆချက်များ ပေါ်ပေါက်လာလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိကြောင်းဖြင့် ပြောကြားသွားသည်။

အမှတ်တရဓာတ်ပုံရိုက်

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

လှိုင်သာယာမြို့နယ် အလယ်ကျေးရွာတွင် လေပြင်းတိုက်ခတ်

ရန်ကုန် ဇွန် ၁၉

ယမန်နေ့ ညနေ ၄ နာရီခွဲမှ စတင်၍ နှစ်မိနစ်ခန့် လေပြင်းတိုက်ခတ်မှုကြောင့် ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ် အလယ်ကျေးရွာရှိ အောင်ဇေယျာမင်း ပရဟိတစာသင်တိုက် နတ်လမ်းမှ သွပ်ပြား၁၄ချပ် ပွင့်ထွက်ပြီး အမှတ်(၁)အခြေခံပညာ မူလတန်းကျောင်းထရံ ပေ ၂၀ ခန့် ပွင့်ထွက်သွားသည်။

အလားတူ ကျေးရွာအတွင်းရှိ ခနိမိုးထရံကာနေအိမ်တဲ၃၁လုံး ပြိုကျပျက်စီးသွားသဖြင့် လူဦးရေ ၁၃၅ ဦး အိုးမဲ့အိမ်မဲ့ဖြစ်သွားပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ်၁၀သိန်းခန့်ရှိကြောင်းသိရသည်။

လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများသည် လေပြင်းဒဏ်ခံရသည့် အလယ်ကျေးရွာသို့ သွားရောက်ကြည့်ရှုအားပေးပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့ပစ္စည်းများ ကူညီပေးနိုင်ရန်နှင့် လိုအပ်သည်များ ကူညီထောက်ပံ့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

အ င် တ ာ န က် သ တ င်း

ကိုလက်စထရော လျှော့ချပေးသည့် ဆေးဝါး ကြက်ငှက်တုပ်ကွေးရောဂါကုသရာ၌ အသုံးပြုနိုင်

ဝါရှင်တန် ဇွန် ၁၉

ကိုလက်စထရော(ခေါ်)သွေးတွင်းရှိ အဆီကိုလျှော့ချပေးနိုင်ရန် အသုံးပြုသည့်ဆေးဝါးများသည် ကပ်ရောဂါအသွင်ဖြင့် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ရောဂါ ကျရောက်ဖြစ်ပွားလာပါက ထိထိရောက်ရောက် ကုသနိုင်ရန် အထောက်အကူပေးမည့် ဆေးဝါးအဖြစ် အသုံးပြုနိုင်မည်ဖြစ်ကြောင်း ဇွန် ၁၉ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

Statins အမည်ရှိ ကိုလက်စထရော လျှော့ချပေးသော ဆေးဝါးများသည် အသည်းက အဆီထုတ်လုပ်မှုကို တားဆီးပေးနိုင်သည့် ဆေးဝါးများဖြစ်သည်။ Statins အမည်ရှိ ဆေးဝါးများသည် ကိုယ်ခံအားစနစ် ပုံမှန်ဖြစ်စေရေးအတွက် အထောက်အကူပေးနိုင်သည့်အပြင် နှလုံးကောင်းမွန်စွာ အလုပ်လုပ်နိုင်စေရန် ထိန်းသိမ်းပေးနိုင်သည်။ မကြာသေးမီက ပြုလုပ်သော လေ့လာချက်များအရ အဆုတ်ရောင်ရောဂါ (နမိုးနီးယား) နှင့်သွေးတွင်းမှ ဘက်တီးရီးယားပိုးကူးစက်ပျံ့နှံ့ခြင်းကဲ့သို့သော စိုးရိမ်ရသည့် ကူးစက်ရောဂါ ခံစားရသည့် လူနာများကို Statins ဆေးဝါးများဖြင့် ကုသပေးနိုင်ကြောင်း အမေရိကန် ဆေးသုတေသန ပညာရှင် ဒေးဗစ်မက်ဆင်က ပြောကြားသည်။

အင်တာနက်

ကိုယ်လက်လှုပ်ရှားမှုနည်းပါးပြီး အဆီအဆိမ့်များသည့် အစားအစာကို စားသောက်မှုလွန်ကဲပါက ကိုလက်စထရောများပြားလာနိုင်သည်။
(ဓာတ်ပုံ-အင်တာနက်)



မြစ်ဝကျွန်းပေါ်ဒေသများတွင် အများအားဖြင့် မိုးပိုလာနိုင်

၂၀၀၆ခုနှစ်၊ ဇွန်လ ၁၉ ရက် မွန်းလွဲ ၂ နာရီအချိန် ထုတ်ပြန်ချက် ယနေ့နံနက် ၀၉း၃၀ နာရီထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီ အတွင်းက ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာ မကွေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** စစ်တွေမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ ဖျာပုံမြို့တွင် ၁ ဒသမ ၅၇ လက်မ၊ လွိုင်ကော်မြို့တွင် ၁ဒသမ ၅၀ လက်မ၊ လားရှိုးမြို့တွင် ၁ဒသမ၃၀လက်မနှင့် နေပြည်တော်မြို့တွင် ၀ဒသမ ၇၈လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အသင့်အတင့်ရှိနေသည်။

၂၀၀၆ ခုနှစ် ဇွန် ၂၀ ရက် ညနေထိ ခန့်မှန်းချက်

ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ် မုတ္တမကွေ့ မွန်၊ တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် အများအားဖြင့် မိုးပိုလာနိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၃ ဒသမ ၆ ဒီဂရီစင်တီဂရိတ် (၉၂ဒီဂရီဖာရင်ဟိုက်) **၁၈-၆-၂၀၀၆**

အနိမ့်ဆုံးအပူချိန် ၂၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၇၁ ဒီဂရီဖာရင်ဟိုက်) **၁၉-၆-၂၀၀၆**

၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၈၈ ရာခိုင်နှုန်း **၁၉-၆-၂၀၀၆**

နေပူသည့်နာရီပေါင်း ၂ ဒသမ ၈ နာရီခန့် **၁၈-၆-၂၀၀၆**

မိုးရေချိန်

ရက်စွဲ	**မင်္ဂလာဒုံ**	**ကမ္ဘာအေး**	**ရန်ကုန်မြို့လယ်**
၁၉-၆-၂၀၀၆	(၀ဒသမ၀၇လက်မ)	(၀ဒသမ၁၆လက်မ)	(၀ဒသမ၁၅လက်မ)
၁-၁-၂၀၀၆မှ	၅၄၈ မမ	၇၅၀ မမ	၈၅၀ မမ
ယနေ့အထိ	(၂၁ဒသမ၅၇လက်မ)	(၂၉ဒသမ၅၃လက်မ)	(၃၃ဒသမ၄၆လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၈-၆-၂၀၀၆ရက် ၁၆း၀၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ၆ မိုင်နှုန်း တိုက်ခတ်သည်။

အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်ရ ဆရာတော်ကြီးအား ဂုဏ်ပြုပူဇော်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိသည့် မန္တလေးတိုင်း မန္တလေးမဟာအောင်မြေမြို့နယ် စိန်ပန်းသံလျက်မှော် အရှေ့ရပ်ကွက် အဝေရာရာမ ရန်ကင်းကျောင်းတိုက်မှ ပဓာန နာယက၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ရွှေကျင်ဂိုဏ်းတွဲဖက် အကျိုးတော်ဆောင် အစိုးရနှင့် သက္ကျသီဟ ဓမ္မာစရိယ ပါဠိပါရဂူ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တဩဒါတသိရီဘိဝံသမထေရ်မြတ်အား ဂုဏ်ပြုပူဇော်ပွဲကို ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက မဟာအတုလဂုဏ်ရည် မန်းရွှေလီကျောင်းတော်ကြီး ဓမ္မဗိမာန်၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ၊ မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ရွှေကျင်)ဆရာတော် ဘဒ္ဒန္တသုဇာတသာမိရနှင့် ပင့်သံဃာတော် အပါး ၂၅၀ ကြွရောက်တော်မူကြသည်။

ထို့နောက် ဧည့်ပရိသတ်အပေါင်းတို့က မန္တလေးတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (သုဓမ္မာ) အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဏိရတနာရာမ မြတောင်တိုက် ရွှေဝါဝင်းကျောင်းဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ အဂ္ဂမဟာပဏ္ဍိတ ဂုဏ်ရည်စာတမ်းနှင့် ထေရုပ္ပတ္တိစာတမ်း ဖတ်ကြားပူဇော်သည်။ ထို့နောက် နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီဝါဆိုကျောင်းဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယ မဟာထေရ်မြတ်က ဩဝါဒကထာ ဟောကြားချီးမြှင့်သည်။

မော်လမြိုင်မြို့နယ် သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ပရိဂုဏ်အတွင်း ပြုပြင် တည်ဆောက်မှုလုပ်ငန်းများအတွက် ဇွန် ၄ရက်က အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမင်းချစ်ဦး ဒေါ်ညိုညိုဝေလွင် မိသားစုက ငွေကျပ် သုံးသိန်းပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူစဉ်။ (၁၀၇)

အမှူးပေးဝေ

ယင်းနောက် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ အဝေရာ ရာမရန်ကင်းကျောင်းတိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တဩဒါတသိရီဘိဝံသထံမှ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမှူးပေးဝေကြသည်။ (သတင်းစဉ်)

၂၀၀၆ခုနှစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း စစ်တုရင်ပထမရွှေ့ကွက်ကို ရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

၂၀၀၆ ခုနှစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၉

၂၀၀၆ခုနှစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားပြီး စစ်တုရင်ပထမရွှေ့ကွက်ကိုရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီးနှင့် ဧည့်သည်များသည် ပြိုင်ပွဲဝင်အားကစားသမားများ၏ စစ်တုရင် ယှဉ်ပြိုင်ကစားနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

၂၀၀၆ခုနှစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ၌ အားကစားအသင်း ၁၇ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကာလမှာ ဇွန် ၂၄ ရက်အထိ ဖြစ်သည်။ (သတင်းစဉ်)

ရော်နယ်လ်ဒို လေးလံနေဟု ဘရာဇီးဘောလုံးသမားဟောင်း ဝေဖန်

ဘာလင် ဇွန် ၁၉

ဘရာဇီးအသင်းမှ စူပါစတား ဘောလုံးသမား ရော်နယ်လ်ဒိုသည် အဝလွန်သော ကလေးတစ်ဦးကဲ့သို့ လေးလေးပင်ပင်ရှိနေပြီး ကစားကွက်နှေးကွေးနေကြောင်း ဘရာဇီး နာမည်ကျော် ဘောလုံးသမားဟောင်း တော့စ်တိုက ဝေဖန်ပြောကြားလိုက်ကြောင်း ဇွန် ၁၈ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဘရာဇီးအသင်း၏ ဂုဏ်ဒြပ်ကြီးမားလှသော ကစားဖော် ကာကာက လည်း ရော်နယ်လ်ဒို အချိတ်အဆက် အပေးအယူအားနည်းနေသည်ဟု ဝေဖန် ပြောကြားသည်။ အကယ်၍ ဩစတြေးလျနှင့် ကစားခဲ့သောပွဲတွင် ရော်နယ်လ်ဒို ပိုမိုလှုပ်ရှားနိုင်မည်ဆိုပါက မိမိတို့၏ တိုက်စစ်အင်အားမှာ စံနမူနာပြသနိုင်မည်ဖြစ်ကြောင်း ကာကာက ပြောကြားသည်။ ဇွန် ၁၃ရက်က ခရိုအေးရှားအသင်းနှင့် ကစားရသည့်ပွဲတွင်လည်း မိမိတို့စိတ်တိုင်းကျ ကစားနိုင်ခဲ့ခြင်းမရှိကြောင်း ကာကာက ပြောကြားသည်။ ***အင်တာနက်။***

ဇွန် ၁၈ရက်က မြူးနစ်တွင် ကျင်းပသည့် အုပ်စု(စ) ပွဲတွင် ဘရာဇီးအသင်းမှ ရော်နယ်ဒိုလ်ကို တွေ့ရစဉ်။ *(အင်တာနက်)*

သမိုင်းဝင်ပွဲ ဖန်တီးမည်ဟု ဒွိုက်ယော့ခ်ပြော

ကိုင်ဇာစလော်တန် ဇွန် ၁၉

ထရီနီဒက်နှင့် တိုဘာဂိုအသင်းသည် နိုင်ငံငယ်မှ လက်ရွေးစင်အသင်း တစ်သင်းဖြစ်သော်လည်း ပါရာဂွေးအသင်းကို ဒုက္ခပေးကာ ကမ္ဘာ့ဘောလုံးပြိုင်ပွဲတွင် သမိုင်းဝင်ရမည့်ပွဲအဖြစ် ဖန်တီးဖွယ်ရှိကြောင်း ယင်းအသင်းမှ ဒွိုက်ယော့စ်က တနင်္လာနေ့တွင် ပြောကြားသည်။ ထရီနီဒက်အသင်းသည် ဇွန် ၁၀ရက်က ဆွီဒင်အသင်းနှင့် ယှဉ်ပြိုင် ကစားရာတွင် ထိထိမိမိရှိခဲ့သည်။

သို့ရာတွင် ယင်းပွဲ၌ ဂိုးမရှိသရေကျခဲ့သည်။ ဇွန် ၁၅ ရက်ကမူ အင်္ဂလန်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း အုပ်စုရှုံးထွက်အဆင့်သို့ တက်လှမ်းရန် မျှော်လင့်နေဆဲဖြစ်သည်။

ထရီနီဒက်အသင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်လာနိုင်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ ***အင်တာနက်။***

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ သတင်းများ

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအုပ်စု(ဆ) ဆွစ်ဇာလန်က တိုဂိုကို အနိုင်ရ

ဒေါ့တ်မွန် ဇွန် ၁၉

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု (ဆ)မှ တိုဂိုအသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ ဂျာမနီနိုင်ငံ ဒေါ့တ်မွန်မြို့တွင် ဇွန် ၁၉ ရက်က ယှဉ်ပြိုင်ကစားကြရာ ဆွစ်ဇာလန်အသင်းက တိုဂိုအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

အနိုင်ဂိုးများ

ဆွစ်ဇာလန်အသင်းအတွက် အပိုင်ဂိုးများကို ပွဲချိန် ၁၇ မိနစ်တွင် ဖရေးက လည်းကောင်း၊ ပွဲချိန် ၈၈ မိနစ်တွင် ဘားနတ်တာကလည်းကောင်း အသီးသီး သွင်းယူခဲ့သည်။ ***အင်တာနက်။***

ဇွန် ၁၉ ရက်က ဂျာမနီနိုင်ငံ ဒေါ့တ်မွန်မြို့တွင် ကျင်းပသည့် အုပ်စု(ဆ)မှ တိုဂိုနှင့် ဆွစ်ဇာလန်အသင်းတို့ ပြိုင်ပွဲတွင် ဆွစ်ဇာလန်အသင်းမှ ဂျိုဟန်ဗိုဂဲလ်(ဝဲ)နှင့် တိုဂိုအသင်းမှ မိုယာဝက်ကာဒါတို့ ယှဉ်ပြိုင်ကြစဉ်။ *(အင်တာနက်)*



ဩစတြေးလျ တိုက်စစ်မှူး ဟာရီကီးဝဲလ်။ *(အင်တာနက်)*

ဖီဖာစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ဟာရီကီးဝဲလ်အား စုံစမ်းစစ်ဆေးမည်

ဘာလင် ဇွန် ၁၉

ဩစတြေးလျတိုက်စစ်မှူး ဟာရီကီးဝဲလ်သည် ဘရာဇီးအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည့်ပွဲတွင် ဂျာမန်ဒိုင်လူကြီး ဖားကပ်စ်မာ့ခ်အား ရိုင်းပြသည့် ကိုယ်ဟန်အမူအယာဖြင့် ကန့်ကွက်ပြောဆိုခဲ့မှုနှင့်ပတ်သက်၍ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ စုံစမ်းစစ်ဆေးမှုကို ခံယူရမည်ဖြစ်ကြောင်း ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ် ဖီဖာက ဇွန် ၁၉ ရက်တွင် ပြောကြားသည်။

ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ဇွန် ၁၈ရက်က ဘရာဇီးအသင်းနှင့်ယှဉ်ပြိုင်ကစားစဉ်အတွင်း ဒိုင်လူကြီးအား လက်ညှိုးထိုးကာ ဒေါသတကြီး ပြောဆိုခဲ့သဖြင့် ၎င်းကို စည်းကမ်းထိန်းသိမ်းရေးအရ အရေးယူရလိမ့်မည်ဖြစ်ကြောင်း ဖီဖာဆက်သွယ်ရေးရာ အကြီးအကဲ မားကပ်စ်ဆီဂလာက ပြောကြားသည်။

တွေ့မြင်ချက်

ကီးဝဲလ်နှင့်ပတ်သက်၍ ဖီဖာအဖွဲ့၏ တွေ့မြင်ချက်ကို ဇွန် ၂၂ ရက်တွင် ခရိုအေးရှားနှင့် ကစားရမည့်ပွဲမတိုင်မီ ချမှတ်ပေးမည်ဖြစ်ကြောင်း ဆီဂလာက ပြောကြားသည်။

ကစားသမားတစ်ဦးအနေဖြင့် အဝါကတ်ပြမခံရဘဲ ဒိုင်လူကြီးအား စော်ကားမှုဖြင့် အရေးယူသည့်ဖြစ်ရပ်မှာ ရှားရှားပါးပါး ဖြစ်ရပ်ဖြစ်သည်။ ***အင်တာနက်။***

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ

အုပ်စုပထမအတွက် ဂျာမနီနှင့်အီကွေဒေါ အကြိတ်အနယ်ကစားကြမည်

ဇွန် ၂၀ရက် (ယနေ့)မှ စတင်ပြီး အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များကို စတင်ကျင်းပတော့မည်ဖြစ်သည်။ အုပ်စု(က)နှင့် အုပ်စု(ခ)မှ အသင်းများ ကစားကြမည်။ အုပ်စု(က)မှ အီကွေဒေါနှင့် ဂျာမနီ၊ ကော်စတာရီကာနှင့် ပိုလန်အသင်းတို့ တစ်ချိန်တည်း တစ်ပြိုင်တည်းကစားကြမည်ဖြစ်သလို အုပ်စု(ခ)မှ ပါရာဂွေးနှင့် ထရီနီဒက်၊ ဆွီဒင်နှင့် အင်္ဂလန်အသင်းတို့လည်း တစ်ချိန်တည်းကစားကြလိမ့်မည်။

(က)အုပ်စုမှ အီကွေဒေါနှင့် အိမ်ရှင်ဂျာမနီတို့သည် ခြောက်မှတ်တူနေကြသည်။ အီကွေဒေါက ပေးဂိုးမရှိသောကြောင့် ပထမနေရာ ရထားသည်။ ကျန် ပိုလန်၊ ကော်စတာရီကာအသင်းတို့သည် တစ်မှတ်မှ မရသေးဘဲရှိသည်။

(ခ)အုပ်စုတွင် အင်္ဂလန်အသင်းက ခြောက်မှတ်ဖြင့် ရှေ့မှပြေးနေသည်။ ဆွီဒင်က လေးမှတ်ဖြင့် ဒုတိယနေရာမှ လိုက်နေသည်။ ထရီနီဒက်က တစ်မှတ်ရထားပြီး ပါရာဂွေးက တစ်မှတ်မှ မရသေးဘဲရှိသည်။

အီကွေဒေါနှင့်ဂျာမနီ

၂၀-၆-၂၀၀၆
ဘာလင်ကွင်း
အချိန်-ည ၈း၃၀နာရီ၊ အင်္ဂါနေ့
(၄င်းနေ့ ည ၁၀း၃၀ နာရီတွင် မြဝတီမှပြန်လည်ထုတ်လွှင့်ပြသမည်။)

အုပ်စုဗိုလ်လုရမည် ဖြစ်သောကြောင့် ပွဲမှာ ပွဲကောင်းတစ်ပွဲ ဖြစ်လိမ့်မည်။ နှစ်သင်းစလုံး၏ ရှေ့ခရီးအတွက် အရေးပါသော ပွဲတစ်ပွဲလည်း ဖြစ်သည်။ အုပ်စုပထမရသူသည် (ခ) အုပ်စုမှ တက်လာမည့် ဒုတိယနှင့် ကစားရမည်။ (ခ)အုပ်စု၏ ဒုတိယ ဖြစ်နိုင်ဖွယ်ရှိသောအသင်းမှာ ဆွီဒင် ဖြစ်သည်။ ထို့ကြောင့် နှစ်သင်းစလုံးသည် အုပ်စုပထမရရှိရေးအတွက် အစွမ်းကုန်ကစားကြလိမ့်မည်။

ပိုလန်၊ ကော်စတာရီကာတို့နှင့် ကစားသော အီကွေဒေါ၏ ခြေရည်ခြေသွေးသည် အလွန်ကောင်းသည်။ ပွဲဦးထွက် ကော်စတာရီကာနှင့် ကစားသော အိမ်ရှင်ဂျာမနီ ခြေစွမ်းလည်း ကောင်းသည်။ သို့သော် ပိုလန်နှင့်ကစားသော ခြေရည်သည် အနည်းငယ် နိမ့်ကျသွားသည်။ ပိုလန်နှင့် ကစားသော ခြေရည်မျိုးဖြင့် အိမ်ရှင်ဂျာမနီကစားလျှင် အီကွေဒေါကို နိုင်လိမ့်မည်မဟုတ်။ သို့သော် ကွင်းလယ်တွင် ဘောလက်ပြန်ပါလာပြီး ပွဲဦးထွက်ပွဲခြေမျိုး ရခဲ့မည်ဆိုလျှင် ဂျာမနီအသင်းနိုင်ရန် အခွင့်အလမ်းပို၍ များလာနိုင်သည်။

မည်သို့ပင်ဖြစ်စေ ဂျာမနီအသင်းကို စာရေးသူက ပို၍ကြိုက်သည်။ အမျိုးသား လက်ရွေးစင်အသင်း စိတ်ဓာတ်ပြင်းထန်သော အသင်းတစ်သင်းလည်း ဖြစ်သည်။ အလုပ်တစ်ခုကို ကျားကုတ်ကျားခဲ လုပ်ကိုင်တတ်သော စိတ်ရှိသည့် အသင်းဟုလည်း မြင်မိပါသည်။ ၄င်းအချက်များက အီကွေဒေါအသင်းကို အနိုင်ရစေမည့် အကြောင်းရင်းများ ဖြစ်သည်။

လေ့ကျင့်ကစား

အင်္ဂလန်အသင်းမှ ဝိန်းရူနီ(ဝဲ)နှင့် ဒေးဗစ်ဘက်ခမ်းတို့ ဂျာမနီနိုင်ငံ ကိုလုံးမြို့ရှိ ကမ္ဘာ့ဖလားအားကစားရုံအတွင်း လေ့ကျင့်ကစားနေသည်ကို ဇွန် ၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကော်စတာရီကာနှင့်ပိုလန်

၂၀-၆-၂၀၀၆
ဟမ်နိုဗာကွင်း
အချိန်-ည ၈း၃၀ နာရီ၊ အင်္ဂါနေ့

နှစ်သင်းစလုံးသည် ပွဲစဉ်အားလုံး ရှုံးထားကြသည်။ ယခုပွဲသည် နှစ်သင်းစလုံးအတွက် ဘာမျှအရေးမပါသော ပွဲတစ်ပွဲဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အသင်းနှစ်သင်းအနေဖြင့် ပြိုင်ပွဲတစ်ခု အဖြစ် ကစားကြရမည်ဖြစ်သည်။

ကော်စတာရီကာ၏ ပွဲဦးထွက် ခြေရည်ခြေသွေး ကောင်းသည်။ တစ်ချက်ထိ အမြန်ပေးစနစ်ဖြင့် ထိုးဖောက်ပြီး ဂျာမနီနောက်တန်းကို ဒုက္ခပေးခဲ့သည်။ သို့သော် အီကွေဒေါနှင့် ကစားသောခြေစွမ်းရည်မှာ အံ့သြစရာ ကောင်းလောက်အောင် ပြောင်းပြန်ဖြစ်သည်။ ပိုလန်အသင်းက ထိုသို့မဟုတ်။ ပွဲဦးထွက် အီကွေဒေါနှင့်ပွဲ၌ ညံ့သလောက် ဂျာမနီနှင့်ပွဲတွင် ပို၍ ကောင်းလာသည်။

နှစ်သင်း ခြေရည်ညီကြသည်။ ကော်စတာရီကာ၏ တိုက်စစ်ကို ပိုလန်ထက်ပိုကြိုက်သည်။ ကစားခဲ့သော ပွဲအခြေအနေများကိုကြည့်လျှင် ပိုလန်အသင်းသာသည်။ စိတ်ဓာတ်တွင်လည်း ကော်စတာရီကာထက် ပိုလန်က သာသည်။ သို့ဖြစ်၍ ယခုပွဲသည် နှစ်သင်းစလုံးအတွက် အရေးမပါသော ပွဲဖြစ်ရာ တစ်ဖက်နှင့်တစ်ဖက် သိက္ခာဆယ်ရင်း သရေကျသွားနိုင်သည်။

အီကွေဒေါအသင်းမှ လေ့ကျင့်ရေးမှူး အိုမယ်ဒိုဂါစီယာ(ယာ)နှင့် ဩဂတ်စတင်း ဒယ်လ်မာဒိုတို့ ဘာလင်မြို့တွင် လေ့ကျင့်ကစားနေသည်ကို ဇွန် ၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂမ်ဆိုင်း

အင်္ဂလန်နှင့်ဆွီဒင်

၂၁-၆-၂၀၀၆
ကိုလုံးကွင်း
အချိန်-နံနက် ၁း၃၀နာရီ၊ ဗုဒ္ဓဟူးနေ့
မြဝတီမှတိုက်ရိုက်ထုတ်လွှင့်ပြသမည်။

လက်ရှိအခြေအနေတွင် အင်္ဂလန်က ခြောက်မှတ်ဖြင့် ရှေ့မှဦးဆောင်ထားပြီး ဆွီဒင်က လေးမှတ်ဖြင့် ဒုတိယလိုက်နေသည်။ နှစ်သင်း၏ အနေအထားသည် အုပ်စုတက်ရန် သေချာသလောက်ရှိသည်။ နှစ်သင်းစလုံး သိက္ခာမပျက် သရေကစားကြလျှင်လည်း အုပ်စုတက်ကြမည်ဖြစ်သည်။ အကယ်၍ ဆွီဒင်က အင်္ဂလန်ကို အနိုင်ကစားပြီး အုပ်စုဗိုလ်လုပ်ခဲ့မည်ဆိုလျှင် အင်္ဂလန်၏ ကံကြမ္မာသည် တစ်မျိုးတစ်ဖုံပြောင်းလဲသွားနိုင်သည်။ အင်္ဂလန်က ၄င်းရလဒ်ကို လက်ခံလိမ့်မည်မဟုတ်ဟု မြင်သည်။

ထို့ကြောင့် နှစ်သင်းစလုံးသည် အပင်ပန်းမခံ၊ အနာမခံကြတော့ဘဲ သက်သောင့်သက်သာဖြင့် သရေကစားပြီး ဒုတိယရှုံးထွက်အဆင့်သို့ တက် သွားကြလိမ့်မည် ယူဆမိသည်။

ပါရာဂွေးနှင့်ထရီနီဒက်

၂၁-၆-၂၀၀၆
ကိုင်ဇာစလော့တန်ကွင်း
အချိန်-နံနက် ၁း၃၀နာရီ၊ ဗုဒ္ဓဟူးနေ့

ဆွီဒင်နှင့် ပွဲဦးထွက်ပွဲတွင် သရေကျထားသောကြောင့် ထရီနီဒက် တစ်မှတ်ရထားသည်။ နှစ်သင်းစလုံးအတွက် ယခုပွဲသည် အရေးမပါတော့သော ပွဲစဉ် ဖြစ်သည်။ အင်္ဂလန်နှင့် ဆွီဒင်သရေကစားခဲ့လျှင် ထရီနီဒက် နိုင်သော်လည်း အရာထင်မည်မဟုတ်။

ထရီနီဒက်သည် အင်္ဂလန်၊ ဆွီဒင်တို့နှင့် ကစားသောပွဲများတွင် ခြေရည်ကောင်းသည်။ အထူးသဖြင့် ပွဲဦးထွက် ဆွီဒင်နှင့်ပွဲ၌ ကောင်းသည်။ အင်္ဂလန်ကို နှစ်ဂိုး-ဂိုးမရှိရှုံးသော်လည်း ယှဉ်ကစားနိုင်သည်။ ထိုနည်းတူပင် ဆွီဒင်၊ အင်္ဂလန်တို့နှင့် ကစားသော ပါရာဂွေး ကစားပုံကောင်းသည်။ တိုက်စစ်မဲ့နေသည်မှလွဲ၍ အားလုံးကောင်းသည်။

နှစ်သင်းစလုံး၏ ခြေစွမ်းရည်က မတိမ်းမယိမ်းလောက် ရှိကြသည်။ အတွေ့အကြုံအရ၊ လူအရယှဉ်ကြည့်လျှင် ပါရာဂွေးကသာသည်။ သို့သော်လည်း စာရေးသူက ထရီနီဒက်ကို အနည်းငယ် ပိုနှစ်သက်သည်။ အောက်အသင်းဖြစ်သည့် ထရီနီဒက်က လှန်ကစားမည်ဆိုလျှင် နိုင်လောက်သည့် အနေအထားတွင် ရှိသည်။ အခြေအနေအရ ကြည့်မည်ဆိုလျှင် သရေကျနိုင်သည်။ နိုင်မည်ဆိုလျှင် ထရီနီဒက်ပဲနိုင်စရာရှိသည်။ ။

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက် ဓမ္မပါလသပြေဗိမာန်တော်ကြီး တည်ဆောက်ရေးအတွက် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ လိပ်ကန်လမ်းနေ ဦးဟန်စိန်-ဒေါ်ဝမ်းကြည်တို့အား ရည်စူး၍ သားသမီးမြေးမြစ်များက ပဓာနနာယက ဆရာတော် ဦးခေမာစာရ ရှေ့မှောက်တွင် သာသနာ့ပါလအဖွဲ့ အတွင်းရေးမှူး ရွှေပုစွန်ဦးကျင်ဗုက်သို့ အလှူငွေကျပ် ၁၄သိန်း ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကွယ်လွန်သူ ဗိုလ်မှူးတင်အောင်အားရည်စူး၍ ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် ခေမာသီရိလမ်းသွယ်(၁)နေ ဒေါ်ခင်သန်းနှင့် သားသမီး၊ မြေး မြစ်တစ်စုက ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော် ငွေကျပ်ငါးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ အမှတ်(၁၅)ရှိ တိပိဋက ဓမ္မရက္ခိတ ဗိမာန်တော်ကြီးတွင် ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာနေ ဦးအေးမင်း၊ ဇနီး ဒေါ်အေးအေးမာ (M.C.T ဆောက်လုပ်ရေး) မိသားစုက ရန်ကုန်မြို့ မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် တရားရိပ်သာ ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် တစ်သိန်းကို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြသောင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီလမ်းနေ ဦးမြအောင်-ဒေါ်အုန်းမြင့် မိသားစုက သဃ်္ဃန်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ရခိုင်ပြည်နယ်အတွင်း ယခုနှစ် မိုးစပါးဧက ၁၂ သိန်းအထိ စိုက်ပျိုးရန်ဆောင်ရွက်နေ သီးထပ်စွမ်းအား ပိုမိုတိုးတက်အောင် မိုးစပါးကို စောစောစိုက်၊ စောစောရိတ်

ရန်ကုန် ဇွန် ၁၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်း၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန် ၁၄ ရက် နံနက် ၇ နာရီခွဲတွင် ဘူးသီးတောင်မြို့မှ မလိခ အမြန်ရေယာဉ်ဖြင့် ရသေ့တောင်မြို့သို့ ရောက်ရှိကြရာ စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ ရသေ့တောင်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ အမျိုးသမီးလူနာခန်း၊ မွေးလူနာခန်း၊ မွေးဖွားခန်း၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် အမျိုးသားလူနာခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက် လူနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တာဝန်ရှိသူများအား လူနာများကို **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ရသေ့တောင်မြို့နယ်တွင် ဂိုးလ်ယူနီကုမ္ပဏီလီမိတက်က ဆောက်လုပ်လှူဒါန်းသော အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ် ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

၂၀၀၆ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲ အကြိုခင်းကျင်းပြသထားမှု ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိလာပြီး ၂၀၀၆ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲ အကြိုခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး **စာမျက်နှာ ၉ ကော်လံ ၃ သို့** ✻

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်း စင်တာ၌ ၂၀၀၆ ခုနှစ်ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲ အကြို ခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror အင်တာနက်သတင်း

အာဆီယံနိုင်ငံများမှ သစ်သီးဝလံများ တရုတ်နိုင်ငံက တိုးမြှင့်တင်သွင်းနေ

နန်နင်း ဇွန် ၁၉

တရုတ်နိုင်ငံသည် အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ)၏ အသင်းဝင်နိုင်ငံများမှ သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များကို တိုးမြှင့်ဝယ်ယူတင်သွင်းလျက်ရှိကြောင်း၊ ယခုနှစ် ပထမ လေးလတာ ကာလအတွင်း တရုတ်နိုင်ငံက တင်သွင်းသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ပမာဏမှာ စုစုပေါင်း တန်ချိန် ၃၂၈၀၀၀ ရှိကြောင်း ဇွန် ၁၉ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ၂၀၀၆ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၆ သန်းဖိုးရှိ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို အာဆီယံနိုင်ငံများမှ တင်သွင်းခဲ့ရာ နှစ်အလိုက် နှိုင်းယှဉ်ချက်အရ ၉၂ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း ကွမ်မီကျောင် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ●



တရုတ်နိုင်ငံ ဆီချမ်မြို့ရှိ သစ်သီးဝလံဈေးကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး